မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၁၅ ]** ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက် ( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၁ ရက် ) } **သောကြာနေ့ [ အတွဲ ၆၇**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၆ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်းအား ယင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၇ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအား အငြိမ်းစားပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၈ နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆ တို့ပါ ပြဋ္ဌာန်းချက်များအရ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မော်အား ယနေ့မှစ၍ အငြိမ်းစားပေး လိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၀ ရက် )

**တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားနိုင်ရန် “ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ” အောက်တွင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ များကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးအပ်သည့် ဝန်ကြီး သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ကောင်စီဝင် | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ စိုက်ပျိုးရေးဦးစီးဌာန ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကိုယ်စားလှယ် | အဖွဲ့ဝင် |

(င) တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကိုယ်စားလှယ် — အဖွဲ့ဝင်

(စ) တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ သစ်တောဦးစီးဌာန ကိုယ်စားလှယ် — အဖွဲ့ဝင်

(ဆ) တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ကိုယ်စားလှယ် (မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးအတွက်သာ) — အဖွဲ့ဝင်

(ဇ) တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ကိုယ်စားလှယ် — အဖွဲ့ဝင်

(ဈ) တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူးရုံး ကိုယ်စားလှယ် — အဖွဲ့ဝင်

(ည) တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ ကျန်းမာရေးဦးစီးဌာန ကိုယ်စားလှယ် — အဖွဲ့ဝင်

(ဋ) တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ သတ္တုတွင်းလုပ်ငန်း/ကျောက်မျက်ရတနာလုပ်ငန်း ကိုယ်စားလှယ် — အဖွဲ့ဝင်

(ဌ) တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ကိုယ်စားလှယ် — အဖွဲ့ဝင်

(ဍ) တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ကိုယ်စားလှယ် — အဖွဲ့ဝင်

(ပ) တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့/ နေပြည်တော်/ရန်ကုန်မြို့တော်/မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ကိုယ်စားလှယ် — အဖွဲ့ဝင်

(ဏ) လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ — အဖွဲ့ဝင်

(တ) အခြားသင့်လျော်မည့် ဌာန၊ အဖွဲ့အစည်းများမှပုဂ္ဂိုလ်များ — အဖွဲ့ဝင်

(ထ) တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး/ တာဝန်ခံအရာရှိ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန မဖွင့်လှစ်ရသေးသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး) — အတွင်းရေးမှူး

(ဒ) ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကိုယ်စားလှယ် (သို့မဟုတ်) သင့်လျော်သည့် ကိုယ်စားလှယ် — တွဲဖက်အတွင်းရေးမှူး

၂။ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းစနစ် ချမှတ်ဖော်ဆောင်ရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း။

(ခ) ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာလုပ်ငန်းအစီအစဉ်များကို ကြီးကြပ်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်း ပေးခြင်း။

(ဂ) သဘာဝသယံဇာတနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရေးအစီအမံများ ချမှတ်ခြင်း။

(ဃ) သဘာဝသယံဇာတအရင်းအမြစ်များ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် လမ်းညွှန်ကြီးကြပ်ဆောင်ရွက်ခြင်း။

(င) စွမ်းအင်ချွေတာရေးနှင့် ရေရှည်စဉ်ဆက်မပြတ် အသုံးချနိုင်ရေးအတွက် အစီအမံများ ချမှတ် ဆောင်ရွက်ခြင်း။

(စ) တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပတ်ဝန်းကျင်ဆိုင်ရာစာရင်း ဇယားနှင့် ကိန်းဂဏန်းအချက်အလက်များ ကောက်ယူစုစည်းခြင်းကို ကြီးကြပ်ဆောင်ရွက်ခြင်း။

(ဆ) မြို့ပြဒေသ၊ ရပ်ရွာ၊ စက်မှုနယ်မြေနှင့် အထူးစီးပွားရေးဇုန်ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှု ဆိုင်ရာများကို ကြီးကြပ်ဆောင်ရွက်ခြင်း။

(ဇ) စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်မထိခိုက်စေရန် စနစ်တကျထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုများ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း။

(ဈ) ပတ်ဝန်းကျင်ဆိုင်ရာဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဖြေရှင်းပေးခြင်း။

(ည) ပတ်ဝန်းကျင်ဆိုင်ရာတိုင်တန်းမှုများ၊ တိုင်ကြားစာများအား စစ်ဆေးအရေးယူခြင်း၊ လိုအပ်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီသို့ တင်ပြခြင်း။

(ဋ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိအမြင်ပြန့်ပွားရေး၊ ပညာပေးရေးကိစ္စရပ်များ ဆောင်ရွက်ခြင်း။

(ဌ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ အခါအားလျော်စွာပေးအပ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီသို့ အစီရင်ခံ တင်ပြခြင်း။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၀ ရက် )

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် သက်ဆိုင်သည့်ဌာနများ ပူးပေါင်း၍ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအောက်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဗဟိုအဆင့်လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(က) **မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းဆိုင်ရာလုပ်ငန်းကော်မတီ**

(၁) ဖွဲ့စည်းခြင်း

| | | |
|---|---|---|
| (ကက) | ဦးအေးမြင့်မောင်<br>ဒုတိယဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်<br>သစ်တောရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဒေါက်တာသက်သက်ဇင်<br>ဒုတိယဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်<br>သစ်တောရေးရာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂဂ) | ကိုယ်စားလှယ်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ကိုယ်စားလှယ်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ငင) | ကိုယ်စားလှယ်<br>သမ္မတရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စစ) | ကိုယ်စားလှယ်<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ကိုယ်စားလှယ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်<br>သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇဇ) | ကိုယ်စားလှယ်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈဈ) | ကိုယ်စားလှယ်<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(ညည) ကိုယ်စားလှယ် အဖွဲ့ဝင်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ဋဋ) ကိုယ်စားလှယ် အဖွဲ့ဝင်
အခြားသင့်လျော်သည့်ဌာနများ

(ဌဌ) ဒုတိယညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဍဍ) ကိုယ်စားလှယ် တွဲဖက်အတွင်းရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၂) လုပ်ငန်းတာဝန်များ

(ကက) ပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် လိုအပ်သော မူဝါဒများ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရန်၊ အစိမ်းရောင်စီးပွားရေးဖော်ဆောင်မှုဆိုင်ရာ မူဝါဒနှင့် ဆွဲဆောင်မှုနည်းလမ်းများ သတ်မှတ်နိုင်ရန် ဥပဒေရေးရာစိစစ် သုံးသပ်ချက်များ၊ အကြံပြုချက်များ တင်ပြခြင်း။

(ခခ) ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးနှင့် ထိန်းသိမ်းနိုင်ရေးအတွက် စံချိန်စံညွှန်းသတ်မှတ်နိုင်ရန် ရေးဆွဲတင်ပြခြင်း။

(ဂဂ) လုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ အခြားသက်ဆိုင်ရာကဏ္ဍဆိုင်ရာဥပဒေများနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ် သုံးသပ်တင်ပြခြင်း။

(ဃဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေး၊ အခြားကဏ္ဍဆိုင်ရာဥပဒေများနှင့် ချိတ်ဆက်၍ အကောင်အထည်ဖော်နိုင်ရေး အတွက် ဥပဒေရေးရာအကြံပြုချက်များ၊ သုံးသပ်ချက်များ တင်ပြခြင်း။

(ငင) ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုဆန်းစစ်ချက်များကို အခြားလုပ်ငန်းကော်မတီ များနှင့် လိုအပ်သလို ပေါင်းစပ်၍ စိစစ်သုံးသပ်တင်ပြခြင်း။

(စစ) ကော်မတီမှပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

( ခ ) **စက်မှုစီမံကိန်းများ၊ မြို့ပြနှင့်ရပ်ရွာဆိုင်ရာလုပ်ငန်းကော်မတီ**

(၁) ဖွဲ့စည်းခြင်း

(ကက) ဦးစိုးတင့် ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ခခ) ဦးမျိုးအောင် ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
စက်မှုဝန်ကြီးဌာန

(ဂဂ) ကိုယ်စားလှယ် အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဃဃ) ကိုယ်စားလှယ် အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ငင) ကိုယ်စားလှယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန — အဖွဲ့ဝင်

(စစ) ကိုယ်စားလှယ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန — အဖွဲ့ဝင်

(ဆဆ) ကိုယ်စားလှယ် စွမ်းအင်ဝန်ကြီးဌာန — အဖွဲ့ဝင်

(ဇဇ) ကိုယ်စားလှယ် စက်မှုဝန်ကြီးဌာန — အဖွဲ့ဝင်

(ဈဈ) ကိုယ်စားလှယ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ညည) ကိုယ်စားလှယ် ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဋဋ) ကိုယ်စားလှယ် သတ္တုတွင်းဝန်ကြီးဌာန — အဖွဲ့ဝင်

(ဌဌ) ကိုယ်စားလှယ် ရထားပို့ဆောင်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(ဍဍ) ကိုယ်စားလှယ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(ဎဎ) ကိုယ်စားလှယ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(ဏဏ) ကိုယ်စားလှယ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(တတ) ကိုယ်စားလှယ် တိုင်းဒေသကြီးနှင့်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့အစည်းများ — အဖွဲ့ဝင်

(ထထ) ကိုယ်စားလှယ် အခြားသင့်လျော်သည့်ဌာနများ — အဖွဲ့ဝင်

(ဒဒ) ဒုတိယညွှန်ကြားရေးမှူးချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန — အတွင်းရေးမှူး

(ဓဓ) ကိုယ်စားလှယ် ဆောက်လုပ်ရေးဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

(၂) လုပ်ငန်းတာဝန်များ

(ကက) အစိုးရနှင့်ပုဂ္ဂလိကစီမံကိန်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်စေမည့် အခြေအနေရှိပါက ယင်းထိခိုက်မှုနှင့်အညီ အခြားသင့်လျော်သည့်နေရာတွင် ပြန်လည်ကုစားပြုပြင်ပေးစေရေးအတွက် လမ်းညွှန်ချက် ချမှတ်နိုင်ရန် စိစစ်သုံးသပ်တင်ပြခြင်း။

(ခခ) မြို့ပြဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် လုပ်ငန်းအစီအစဉ်များကို ကော်မတီမှ အတည်ပြုချက်ပေးနိုင်ရန် စိစစ်သုံးသပ်တင်ပြခြင်း။

(ဂဂ) စက်မှုစီမံကိန်းများ၊ စက်ရုံကြီးများ၊ မြို့ပြစီမံကိန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ချက်များကို စိစစ်သုံးသပ်တင်ပြခြင်း။

(ဃဃ) လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် အခြေခံ၍ သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင့်လျော်သည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အကြံပြုချက်များနှင့် တိုက်တွန်းချက်များ ပေးပို့နိုင်ရန် ပြုစုတင်ပြခြင်း။

(ငင) ကော်မတီမှ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

(ဂ) **သဘာဝသယံဇာတနှင့်ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းကော်မတီ**

(၁) ဖွဲ့စည်းခြင်း

| | | |
|---|---|---|
| (ကက) | ဦးအေးမြင့်မောင်<br>ဒုတိယဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်<br>သစ်တောရေးရာဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဦးသန်းထွန်းအောင်<br>ဒုတိယဝန်ကြီး<br>သတ္တုတွင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂဂ) | ဒေါက်တာစိုင်းကျော်အုန်း<br>ဒုတိယဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃဃ) | ကိုယ်စားလှယ်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ငင) | ကိုယ်စားလှယ်<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စစ) | ကိုယ်စားလှယ်<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့်<br>ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ကိုယ်စားလှယ်<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇဇ) | ကိုယ်စားလှယ်<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈဈ) | ကိုယ်စားလှယ်<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ညည) | ကိုယ်စားလှယ်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋဋ) | ကိုယ်စားလှယ်<br>အခြားသင့်လျော်သည့်ဌာနများ | အဖွဲ့ဝင် |

(၄၄) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၃၃) ကိုယ်စားလှယ် — တွဲဖက်အတွင်းရေးမှူး
သစ်တောဦးစီးဌာန

(၂) လုပ်ငန်းတာဝန်များ

(ကက) သဘာဝသယံဇာတနှင့်ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ဆောင်ရွက်မှုများကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခြင်း။

(ခခ) သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုများကို ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် သုံးသပ်အကြံပြုတင်ပြခြင်း။

(ဂဂ) အစိုးရနှင့်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ မြေအသုံးချမှုဆိုင်ရာကြောင့် ဖြစ်ပေါ်လာသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုဆန်းစစ်ချက်များကို စိစစ်သုံးသပ်တင်ပြခြင်း။

(ဃဃ) မြေအသုံးချမှုဆိုင်ရာလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်မည့် အခြေအနေရှိပါက ယင်းထိခိုက်မှုနှင့်အညီ အခြားသင့်လျော်သည့်နေရာတွင် ပြန်လည်ကုစားပြုပြင်ပေးစေရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ရန်ပုံငွေထည့်ဝင်စေရေး လမ်းညွှန်ချက်များ ချမှတ်နိုင်ရန် စိစစ်သုံးသပ်တင်ပြခြင်း။

(ငင) အစိုးရနှင့်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကြောင့် မြစ်ချောင်းများနှင့် ရေတိမ်ဒေသများ အပါအဝင် သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ် ပျက်စီးယိုယွင်းမှုဆိုင်ရာ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ခြင်း။

(ဃ) **ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်းကော်မတီ**

(၁) ဖွဲ့စည်းခြင်း

(ကက) ဒေါက်တာသက်သက်ဇင် — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်
သစ်တောရေးရာဝန်ကြီးဌာန

(ခခ) ဦးဇင်ယော် — ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ပို့ဆောင်ရေးဝန်ကြီးဌာန

(ဂဂ) ကိုယ်စားလှယ် — အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဃဃ) ကိုယ်စားလှယ် — အဖွဲ့ဝင်
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်
ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ငင) ကိုယ်စားလှယ် — အဖွဲ့ဝင်
စွမ်းအင်ဝန်ကြီးဌာန

(စစ) ကိုယ်စားလှယ် — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဆဆ) ကိုယ်စားလှယ် — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဇဇ) ကိုယ်စားလှယ် — အဖွဲ့ဝင်
ဘဏ္ဍာရေးဝန်ကြီးဌာန

(ဈဈ) ကိုယ်စားလှယ် — အဖွဲ့ဝင်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(ညည) ကိုယ်စားလှယ် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဋဋ) ကိုယ်စားလှယ် — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဌဌ) ကိုယ်စားလှယ် — အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဍဍ) ကိုယ်စားလှယ် — အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဎဎ) ကိုယ်စားလှယ် — အဖွဲ့ဝင်
အခြားသင့်လျော်သည့်ဌာနများ

(ဏဏ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(တတ) ကိုယ်စားလှယ် — တွဲဖက်အတွင်းရေးမှူး
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးဝန်ကြီးဌာန

(၂) လုပ်ငန်းတာဝန်များ

(ကက) ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းအစီအစဉ်များ ချမှတ်နိုင်ရေးအတွက် အကြံပြုတင်ပြခြင်း။

(ခခ) ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် လိုအပ်သည့် အစီအစဉ်များကို အကြံပြုခြင်း။

(ဂဂ) မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျော့ချရေး၊ သန့်စင်သောလောင်စာဆီနှင့် မော်တော်ယာဉ်များ (Clean Fuel and Clean Vehicle) အသုံးပြုရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ သုံးသပ်အကြံပြုတင်ပြခြင်း။

(ဃဃ) ရာသီဥတုပြောင်းလဲမှုစောင့်ကြည့်လေ့လာရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာရေးဆွဲချမှတ်နိုင်ရေးအတွက် အကြံပြုတင်ပြခြင်း။

(ငင) သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်သတိပေးခြင်း အပါအဝင် လိုအပ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန် အကြံပြုတင်ပြခြင်း။

(စစ) ပြောင်းလဲလာသည့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိစေမည့် မြို့ပြလူနေထိုင်မှုစနစ် တည်ထောင်နိုင်ရေးအတွက် လိုအပ်သော အကြံပြုချက်များ တင်ပြခြင်း။

(ဆဆ) ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အစီအစဉ်များ ချမှတ်နိုင်ရန် အကြံပြု တင်ပြခြင်း။

(ဇဇ) ကော်မတီမှ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များ။

**(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပညာပေးရေးနှင့် အသိပညာပြန့်ပွားရေးလုပ်ငန်းကော်မတီ**

(၁) ဖွဲ့စည်းခြင်း

(ကက) ဒေါက်တာသက်သက်ဇင် — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်
သစ်တောရေးရာဝန်ကြီးဌာန

(ခခ) ဒေါက်တာမျိုးမြင့် — ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ပညာရေးဝန်ကြီးဌာန

(ဂဂ) ဒေါက်တာသန်းအောင် — ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

(ဃဃ) ကိုယ်စားလှယ် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ငင) ကိုယ်စားလှယ် — အဖွဲ့ဝင်
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(စစ) ကိုယ်စားလှယ် — အဖွဲ့ဝင်
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်
ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဆဆ) ကိုယ်စားလှယ် — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဇဇ) ကိုယ်စားလှယ် — အဖွဲ့ဝင်
သတ္တုတွင်းဝန်ကြီးဌာန

(ဈဈ) ကိုယ်စားလှယ် — အဖွဲ့ဝင်
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

(ညည) ကိုယ်စားလှယ် — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဋဋ) ကိုယ်စားလှယ် — အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဌဌ) ကိုယ်စားလှယ် — အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဍဍ) ကိုယ်စားလှယ် — အဖွဲ့ဝင်
အခြားသင့်လျော်သည့်ဌာနများ

(ပပ) ဒုတိယညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(ဖဖ) ကိုယ်စားလှယ် တွဲဖက်အတွင်းရေးမှူး
သစ်တောဦးစီးဌာန

(၂) လုပ်ငန်းတာဝန်များ

(ကက) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစည်းရုံးမှုများနှင့် လှုပ်ရှားမှုများ ဦးဆောင်ကြီးကြပ်ဆောင်ရွက်ခြင်း။

(ခခ) ကျောင်းသင်ခန်းစာများတွင် ပါဝင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးသင်ခန်းစာများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်ရန် အကြံပြုခြင်း။

(ဂဂ) သက်ဆိုင်ရာအစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင့်လျော်သည့် အကြံပြုချက်များနှင့် တိုက်တွန်းချက်များ ပေးပို့ခြင်း။

(ဃဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် လိုအပ်သော အဆိုပြုချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများထံမှ တောင်းခံခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများသို့ ပေးပို့ခြင်း။

(ငင) ကော်မတီ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများအတွက် လိုအပ်သည့် သတင်းပြန်ကြားရေးဆိုင်ရာ ထုတ်ပြန်ကြေညာခြင်းကိစ္စများ ဆောင်ရွက်ခြင်း။

(စစ) ကော်မတီမှ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များ။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၄)၊ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေ (မူကြမ်း) မှအဆက် ]**

၇၈။ လုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များသည် အောက်ပါအချက်များ အပါအဝင် အစီအစဉ်အကြောင်းအရာများနှင့် ထုတ်လုပ်မှုဆိုင်ရာစံနှုန်းများကို သတ်မှတ်ဖော်ဆောင်ရမည် -

(က) သတင်းနှင့် လတ်တလောဖြစ်ရပ်အစီအစဉ်များတွင် ညီညွတ်မျှတမှု၊ ဘက်မလိုက်မှုနှင့် တိကျမှန်ကန်မှုရှိစေရန် ကြိုးစားဆောင်ရွက်မှု၊

(ခ) ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်မှု၊

(ဂ) ကြည့်ရှုသူ၏ အသက်အပိုင်းအခြားကိုလိုက်၍ ရုပ်ရှင်နှင့်အစီအစဉ်များကို အမျိုးအစားခွဲခြားသတ်မှတ်ဖော်ပြမှု၊

(ဃ) တွေ့ဆုံမေးမြန်းခန်းများတွင် သုံးနှုန်းသည့် ဝေါဟာရ၊ အပြုအမူနှင့် တည်းဖြတ်မှု၊

(င) သတင်းလျှို့ဝှက်ရယူမှုနှင့် လိမ်လည်လှည့်ဖြား၍ ရုပ်မြင်သံကြားနှင့်အသံမှတ်တမ်းရယူမှု၊

(စ) လိင်မှုဆိုင်ရာပြကွက်များ၊ အကြမ်းဖက်မှုနှင့် လူ့ကျင့်ဝတ်ဖောက်ဖျက်မှုဆိုင်ရာဖော်ပြမှုများ၊ ကြမ်းတမ်းသောစကားလုံးများသုံးနှုန်းမှု၊ ပရိသတ်များမှ ပေးပို့လာသော သတင်းစာသားများအား ထည့်သွင်းထုတ်လွှင့်မှုတို့နှင့်စပ်လျဉ်း၍ အများလက်ခံထားသည့် တင်ဆက်မှုပုံစံ၊ ယဉ်ကျေးသိမ်မွေ့မှုနှင့် လူမှုကျင့်ဝတ်တန်ဖိုးများနှင့်အညီ ဖော်ပြမှု၊

(ဆ) ပြစ်မှုများနှင့်လူ့ကျင့်ဝတ်ဖောက်ဖျက်မှုများအား သတင်းရယူမှု၊

(ဇ) ဖြစ်ရပ်မှန်အချက်အလက်များနှင့် ထင်မြင်ယူဆချက်များအား ခွဲခြားဖော်ပြမှု၊

(ဈ) ဘာသာရေးဆိုင်ရာများ၊ လူနည်းစု လူမျိုးစုများ၊ အမျိုးသမီးများနှင့် အမျိုးသားများ၊ အရွယ်မရောက်သေးသူ လူငယ်များနှင့် အားနည်းသည့်အုပ်စုများအပေါ် ဆက်ဆံမှု၊

(ည) ပုဂ္ဂလိကလွတ်လပ်ခွင့်ကို လေးစားမှု၊

(ဋ) လျှပ်တစ်ပြက်ရိုက်ကူးမှုပုံရိပ်နှင့် အသံများ၊

(ဌ) ကြော်ငြာထုတ်လွှင့်ရာတွင် ပါဝင်ရမည့် အမှန်တရား။

၇၉။ (က) ယင်းလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များအား ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများက အပြည့်အဝလိုက်နာအကောင်အထည်ဖော်မှု ရှိ မရှိကို ကောင်စီက စောင့်ကြည့်စစ်ဆေးရန် တာဝန်ရှိသည်။

(ခ) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၊ ယင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများက လုပ်ငန်းဆိုင်ရာလိုက်နာရမည့် ကျင့်ဝတ်များပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တိုင်ကြားချက်များကို လက်ခံ၍ အရေးယူဆောင်ရွက်ပေးရန် ကောင်စီတွင် တာဝန်ရှိသည်။ အဆိုပါတိုင်ကြားမှုများကို ကောင်စီအနေဖြင့် မှန်မှန်ကန်ကန် မျှမျှတတဆုံးဖြတ်ပေးရမည်။

၈၀။ ပုဒ်မ ၇၉ (ခ) ကို ပံ့ပိုးပေးနိုင်ရန်အတွက် ကောင်စီသည် တိုင်ကြားလွှာများကို စုံစမ်းစစ်ဆေးခြင်းနှင့် ဖြေရှင်းခြင်းလုပ်ငန်းစဉ်များကို ရေးဆွဲထားရမည်။ အဆိုပါ လုပ်ငန်းစဉ်တွင် တိုင်ကြားခြင်းခံရသည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများက ပြန်လည်ဖြေရှင်းခွင့်နှင့် မေးမြန်းပိုင်ခွင့်များကို တိတိကျကျပေးအပ်ထားရမည်။

၈၁။ သင့်လျော်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းများပြုလုပ်ပြီးနောက် ကောင်စီသည် တိုင်ကြားလွှာအပေါ်တွင် သုံးသပ်ဆုံးဖြတ်မည်ဖြစ်ပြီး ယင်းဆုံးဖြတ်ချက်ကို သက်ဆိုင်ရာတိုင်ကြားသူနှင့် တိုင်ကြားခံရသူသို့ ပေးပို့ရမည်။

၈၂။ ပုဒ်မ ၇၉ (ခ) အရ တိုင်ကြားချက်သည် မှန်ကန်ကြောင်းတွေ့ရှိလျှင် ကောင်စီသည် အောက်ပါ အရေးယူဆောင်ရွက်ချက်များအနက် တစ်ခု သို့မဟုတ် အများကို ဆောင်ရွက်နိုင်သည် -

(က) သတိပေးစာ ထုတ်ပြန်ခြင်း၊

(ခ) မှားယွင်းမှုကို ပြန်လည်ပြင်ဆင်ထုတ်ပြန်စေခြင်း၊

(ဂ) တုံ့ပြန်ဖြေရှင်းခွင့် ထည့်သွင်းစေခြင်း၊

(ဃ) ကောင်စီ၏ဆုံးဖြတ်ချက်ကို အများပြည်သူသို့ အသိပေးကြေညာစေခြင်း။

၈၃။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များနှင့် စပ်လျဉ်းသည့် ကောင်စီ၏ဆုံးဖြတ်ချက်များကို ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ အားလုံးက လိုက်နာကြရမည်။

၈၄။ တိုင်ကြားသူတစ်ဦးသည် ကောင်စီသို့ တိုင်ကြားနိုင်သည့်အပြင် တရားရုံးသို့ တိုင်ကြားမှုကဲ့သို့ ဥပဒေကြောင်းဆိုင်ရာအရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်သည်။

## မှားယွင်းထုတ်လွှင့်မှုအတွက် ပြင်ဆင်ချက် ထည့်သွင်းခြင်း

၈၅။ (က) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်းတစ်ခုသည် မှားယွင်းထုတ်လွှင့်မှုကို သိလျှင် သိချင်း သို့မဟုတ် မှားယွင်းမှုများအား ထောက်ပြလာ၍ နစ်နာမှုတစ်စုံတစ်ရာရှိကြောင်း အမှန်တကယ်သိရှိပါက အဆိုပါအမှားများအပေါ် ပြင်ဆင်ချက်ကို ထည့်သွင်းထုတ်လွှင့်ပေးရန် တာဝန်ရှိသည်။

(ခ) မှားယွင်းသည့် ထုတ်လွှင့်ချက်ကို မှားယွင်းကြောင်းသိရှိပြီးနောက် ၂၄ နာရီ အတွင်း သို့မဟုတ် အစောဆုံးပြင်ဆင်ပေးနိုင်သည့်အချိန်တွင်၊ အမှားပြင်ဆင်ချက်ကို ထည့်သွင်းရမည်။ ထိုသို့ ပြင်ဆင်ထုတ်လွှင့်ရာတွင် မူလထုတ်လွှင့်ခဲ့သည့် အစီအစဉ်နှင့် အနီးဆုံးအချိန်တွင် ထည့်သွင်းထုတ်လွှင့်ရမည်။

(ဂ) အမှားကို ရှင်းလင်း၍ အမှန်ဖြစ်အောင်ပြင်ဆင်ခြင်းဖြင့် အဆိုပါ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို နစ်နာသူများက ယင်း၏နစ်နာမှုအတွက် သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်သည့် ဥပဒေကြောင်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများမှ ကင်းလွတ်သည်ဟု မမှတ်ယူရ။

၈၆။ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် ယင်းတို့၏ လုပ်ငန်းများ၊ အစီအစဉ်များနှင့်စပ်လျဉ်းပြီး အများပြည်သူ၏ တိုင်ကြားချက်များကို ကိုင်တွယ်စုံစမ်းစစ်ဆေးနိုင်မည့် သီးခြားပုဂ္ဂိုလ်တစ်ဦးအား ခန့်ထားရမည်။ အဆိုပါပုဂ္ဂိုလ်သည် တိုင်ကြားချက်များ မှန်ကန်ခိုင်လုံကြောင်း တွေ့ရှိပါက သင့်လျော်သည့်အရေးယူမှုများ ဆောင်ရွက်ရန် သက်ဆိုင်ရာလုပ်ငန်းအာဏာပိုင်များထံ ထောက်ခံတင်ပြရမည်။

## တုံ့ပြန်ဖြေရှင်းခွင့်

၈၇။ (က) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ၏ ထုတ်လွှင့်ချက်တွင် အချက်အလက်မှားယွင်းမှုကြောင့် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဥပဒေအရ ရပိုင်ခွင့်များအား ချိုးဖောက်ခံရကြောင်း တွေ့ရှိခဲ့ပါက ကာယကံရှင်၏ တုံ့ပြန်ဖြေရှင်းချက်ကို အများပြည်သူသို့ ထုတ်ပြန်ပေးရန် တာဝန်ရှိသည်။

(ခ) ထိုသို့ တုံ့ပြန်ဖြေရှင်းချက် ထည့်သွင်းဖော်ပြမှုသည် အချက်အလက်ပိုင်းဆိုင်ရာမှားယွင်းမှုများနှင့်သာ သက်ဆိုင်ပြီး အယူအဆ အမြင်သဘောထားများနှင့် သက်ဆိုင်ခြင်းမရှိစေရ။ ထို့အပြင် ယင်းတုံ့ပြန်ဖြေရှင်းချက်သည် ကန့်ကွက်သည့် အကြောင်းအရာနှင့်သာ သက်ဆိုင်စေရမည်။

(ဂ) တုံ့ပြန်ဖြေရှင်းချက်ကို (၂၄) နာရီအတွင်း သို့မဟုတ် အစောဆုံးဖြစ်နိုင်သည့်အချိန်တွင် ထုတ်လွှင့်ပေးရမည်။ ထိုသို့ဖော်ပြရာတွင် မူလထုတ်လွှင့်ခဲ့သည့် အစီအစဉ်နှင့် အနီးဆုံးအချိန်တွင် ထည့်သွင်းထုတ်လွှင့်ရမည်။

၈၈။ တုံ့ပြန်ဖြေရှင်းချက်ကို ထုတ်လွှင့်ပေးရန် ငြင်းပယ်ခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ကောင်စီသို့ တိုင်ကြားနိုင်သည်။

## အခန်း (၁၀)

## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များ

၈၉။ ကောင်စီက ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လိုင်စင်ဆိုင်ရာသဘောတူညီချက်များနှင့် ဤဥပဒေပါ အခြားပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကြောင်း တွေ့ရှိရသည့် မည်သည့်ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကိုမဆို ကောင်စီက စီမံခန့်ခွဲမှုဆိုင်ရာပြစ်ဒဏ်များ ချမှတ်နိုင်သည်။

၉၀။ ကျူးလွန်မှု သို့မဟုတ် ချိုးဖောက်မှုအတိုင်းအတာနှင့် အကြိမ်အရေအတွက်ပေါ် မူတည်၍ အဖွဲ့နှင့် ကောင်စီသည် -

(က) အဖွဲ့သည် ကောင်စီ၏ထောက်ခံတင်ပြချက်ဖြင့် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များ ချမှတ်နိုင်သည် -

(၁) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းအား အချိန်ကာလအတိုင်းအတာ တစ်ခုအထိ ဆိုင်းငံ့ခြင်း၊

(၂) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ရန် လျှောက်ထားမှုအား ငြင်းပယ်ခြင်း၊

(၃) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အား ရုပ်သိမ်းခြင်း။

(ခ) ကောင်စီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များ ချမှတ်နိုင်သည် -

(၁) သတိပေးစာ ထုတ်ပြန်ခြင်း၊

(၂) ဥပဒေကို ချိုးဖောက်ကြောင်း စစ်ဆေးတွေ့ရှိသည့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဆိုင်ရာ အစီအစဉ်အား ကာလတစ်ခုအထိ ယာယီဆိုင်းငံ့ထားခြင်း၊

(၃) ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သည့် ထုတ်လွှင့်ချိန်အား ကန့်သတ်ခြင်း၊

(၄) စီမံခန့်ခွဲမှုဆိုင်ရာဒဏ်ကြေး သတ်မှတ်၍ ပေးဆောင်စေခြင်း။

၉၁။ (က) လုပ်ငန်းလိုင်စင်ရရှိသူသည် ယင်းလိုင်စင်ကို ရရှိရန် မရိုးဖြောင့်သောသဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားရန်အကြံဖြင့်ဖြစ်စေ လျှောက်ထားခဲ့ကြောင်းသော်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ ဆောင်ရွက်ခဲ့ကြောင်းသော်လည်းကောင်း တစ်နည်းနည်းဖြင့် စိစစ်တွေ့ရှိရပါက ကောင်စီ၏ ထောက်ခံချက်ဖြင့် အဖွဲ့သည် ယင်းလုပ်ငန်းလိုင်စင်ကို ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြုနိုင်သည်။

(ခ) အဖွဲ့သည် ကောင်စီ၏ထောက်ခံချက်ဖြင့် လိုင်စင်ကို ရုပ်သိမ်းရာတွင် အောက်ပါအချက် များကို ထည့်သွင်းစဉ်းစားရမည် -

(၁) ပုဒ်မ ၃၄ တွင် ဖော်ပြထားသည့်အတိုင်း စမ်းသပ်ကာလပြည့်မြောက်ပြီးနောက် ပုံမှန် ထုတ်လွှင့်မှုကို မစတင်နိုင်ခြင်း၊

(၂) ကောင်စီ၏ ကြိုတင်ခွင့်ပြုချက်မရယူဘဲ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းကို သုံးလကြာ ရပ်ဆိုင်းထားခြင်း၊

(၃) ကောင်စီ၏ ကြိုတင်ခွင့်ပြုချက်မရယူဘဲ လိုင်စင်ကို အခြားသူတစ်ဦးထံသို့ လွှဲပြောင်းခြင်း၊

(၄) လှိုင်းနှုန်းစဉ်ခွဲခြားသတ်မှတ်မှုနှင့် လွှမ်းခြုံဧရိယာသတ်မှတ်ချက်၊ စက်မှုဆိုင်ရာအခြေခံ လိုအပ်ချက်နှင့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာပစ္စည်းကိရိယာများ လိုအပ်မှု

အပါအဝင် စံချိန်စံညွှန်းများ လုပ်ငန်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ ကောင်စီ၏ စည်းမျဉ်းစည်းကမ်းများနှင့် ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအား ချိုးဖောက်ခြင်း။

၉၂။ စီမံခန့်ခွဲရေးပြစ်ဒဏ်ချမှတ်သည့် ဒဏ်ကြေးငွေများကို ဝန်ကြီးဌာန၏ ငွေစာရင်းမှတစ်ဆင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

## အခန်း (၁၁)
## တားမြစ်ချက်များ

၉၃။ မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းလိုင်စင်ရယူခြင်းမရှိဘဲ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်းမပြုရ။

၉၄။ မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးပြီးနောက် ထပ်မံသက်တမ်းတိုးခြင်းမရှိဘဲ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို ဆက်လက်လုပ်ကိုင်ခြင်းမပြုရ။

၉၅။ ဤဥပဒေ ပုဒ်မ ၅၁ နှင့် ၅၂ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း သို့မဟုတ် မရိုးဖြောင့်သောသဘောဖြင့် လိုင်စင်လျှောက်ထားခြင်း မရှိစေရ။

၉၆။ မည်သူမျှ လုပ်ငန်းလိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း ပြုလုပ်ထားစဉ်ကာလအတွင်း ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ခြင်းမပြုရ။

## အခန်း (၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၉၇။ မည်သူမဆို ပုဒ်မ ၉၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အများဆုံး ကျပ်သိန်းငါးရာအထိ ငွေဒဏ်ချမှတ်ရမည်ဖြစ်ပြီး ပြစ်မှုနှင့်တိုက်ရိုက်သက်ဆိုင်သောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရမည်။

၉၈။ မည်သူမဆို ပုဒ်မ ၉၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အများဆုံး ကျပ်သိန်းတစ်ရာအထိ ငွေဒဏ်ချမှတ်ရမည်။

၉၉။ မည်သူမဆို ပုဒ်မ ၉၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ကျပ်သိန်းသုံးရာအထိ ငွေဒဏ်ချမှတ်ရမည်ဖြစ်ပြီး ပြစ်မှုနှင့်တိုက်ရိုက်သက်ဆိုင်သောပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရမည်။

၁၀၀။ မည်သူမဆို ပုဒ်မ ၉၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အများဆုံး ကျပ်သိန်းသုံးရာအထိ ငွေဒဏ်ချမှတ်ရမည်။

## အခန်း (၁၃)
## ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ

၁၀၁။ ဤဥပဒေ အာဏာသက်ရောက်ခြင်းမရှိမီက ဆောင်ရွက်လျက်ရှိသော ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများသည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ နှစ်နှစ်အတွင်း ဥပဒေနှင့်အညီ ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် လျှောက်ထားရယူရမည်။

၁၀၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်မကိုက်ညီသည့် သဘောတူညီချက်များကို အများပြည်သူ အကျိုးစီးပွားနှင့်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း အညီဖြစ်စေရန် လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်ရန်အတွက် ယင်းသတ်မှတ်ကာလအတွင်း အပြီးပြန်လည်ပြင်ဆင်ဆောင်ရွက်ရမည်။

၁၀၃။ ဤဥပဒေအာဏာသက်ရောက်ခြင်းမရှိမီက ထုတ်ပြန်ခဲ့သော ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်း လုပ်ငန်းဆိုင်ရာ အမိန့်ကြေညာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့် သဘောတူစာချုပ်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၀၄။ ဤဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့ရက်မှ ၁၂ လ အတွင်း ကောင်စီကို ဖွဲ့စည်းရမည်။

## အခန်း (၁၄)

## အထွေထွေ

၁၀၅။ ကောင်စီသည် ဥပဒေအရ ရပ်တည်ပိုင်ခွင့်ရှိသည်။ တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့်ရှိသည်။

၁၀၆။ ကောင်စီသည် တိုင်ကြားမှုများကို လက်ခံခြင်း၊ စစ်ဆေးခြင်းနှင့် ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်စေခြင်းနှင့် အယူခံဝင်ခြင်းဆိုင်ရာ သီးခြားလုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းများကို ရေးဆွဲထုတ်ပြန်မည်။

၁၀၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) အဖွဲ့နှင့် ကောင်စီတို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

၁။ ဤဥပဒေကို **အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၀ ၏ ခြေဆင်းစကားရပ်နှင့် ပုဒ်မခွဲ (က) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၀။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ **နေပြည်တော် အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ**အတွင်းရှိ မြို့နယ်များတွင် အငြင်းပွားမှုညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -"

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ဥက္ကဋ္ဌ
**နေပြည်တော် အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က** တာဝန်ပေးအပ်သူတစ်ဦး"

၃။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၃။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ **နေပြည်တော် သို့မဟုတ် ပြည်ထောင်စုနယ်မြေတစ်ခုခု၏ ကောင်စီ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့**သည် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်းနှင့် ယင်းတို့ကို ပြင်ဆင်ခြင်း အပါအဝင် အခြားလိုအပ်သည့်ကိစ္စရပ်များအား ဆောင်ရွက်ရမည်။"

၄။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ဝန်ကြီးဌာနသည် **နေပြည်တော် အပါအဝင် ပြည်ထောင်စုနယ်မြေတစ်ခုခု** သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းနိုင်သည်။"

၅။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၃ ၏နောက်တွင် ပုဒ်မ ၄၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"၄၃-က။ ပုဒ်မ ၃၇ ပါ လိုက်နာရန် တာဝန်ရှိသူ မည်သူမျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ၏ အတည်ဖြစ်ပြီးသည့် ဆုံးဖြတ်ချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။"**

၆။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၆ တွင် ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်း ချမှတ်ရမည်" ဆိုသည့် စကားရပ်ကို **"သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၇ တွင် ပါရှိသော "ငွေဒဏ် ကျပ်သုံးသောင်းအထိ ချမှတ်နိုင်သည်" ဆိုသည့် စကားရပ်ကို **"ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၈ တွင် ပါရှိသော "ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်း ချမှတ်ရမည်" ဆိုသည့် စကားရပ်ကို **"ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၄၈ ၏နောက်တွင် ပုဒ်မ ၄၈-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"၄၈-က။ ပုဒ်မ ၃၇ ပါ လိုက်နာရန် တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၄၃-က ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ လျော်ကြေးပေးထိုက်သည့်အကြောင်း ပေါ်ပေါက်ပါက အဆိုပါ ချမှတ်သည့်ငွေဒဏ်မှ သင့်လျော်သောငွေကို လျော်ကြေးအဖြစ် နစ်နာသူအား ထုတ်ပေးရမည်။"**

# ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)
## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။ )

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေတွင် -

(က) ပုဒ်မ ၁၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၂) ဤဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည့်အပြင် အလုပ်အမျိုးအစား၊ လုပ်ငန်းအမျိုးအစား၊ အလုပ်ဌာနအမျိုးအစား အားလုံးနှင့် သက်ဆိုင်စေရမည်။"

(ခ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၂) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၂) **ခွင့်ရက်**ဆိုသည်တွင် လုပ်သက်ခွင့်ရက်၊ ရှောင်တခင်ခွင့်ရက်၊ ဆေးလက်မှတ်ခွင့်ရက်နှင့် မီးဖွားခွင့်ရက်တို့ ပါဝင်သည်။"

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၄) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၄) **အလုပ်သမား**ဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီအလုပ်သမားနှင့် အမြဲတမ်းအလုပ်သမား အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုတွင်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ မိမိ၏လုပ်အားအပေါ် အားကိုးအားထားပြု လုပ်ကိုင်နေသူကို ဆိုလိုသည်။ သို့ရာတွင် အောက်ပါတို့ မပါဝင်ချေ -

(က) ကိုယ်ပိုင်အလုပ်ကို သို့မဟုတ် ကိုယ်ပိုင်စက်မှုလက်မှုလုပ်ငန်းကို သို့မဟုတ် စီးပွားရေးလုပ်ငန်းကို သို့မဟုတ် ကိုယ်ပိုင်အလုပ်ဌာနကို လုပ်နေသည့် အလုပ်ရှင်ဖြစ်လျှင် ထိုအလုပ်ရှင်၏ အိမ်ထောင်စုသားများ၊

(ခ) အလုပ်ကဖြစ်စေ၊ စက်မှုလက်မှုလုပ်ငန်းကဖြစ်စေ သို့မဟုတ် စီးပွားရေးလုပ်ငန်းကဖြစ်စေ၊ အလုပ်ဌာနကဖြစ်စေ ရရှိသော အမြတ်အစွန်းထဲမှ အခကြေးငွေကို မိမိ၏ဝေစုအဖြစ်ဖြင့် ရရှိသူများ၊

(ဂ) ထမင်းချက်၊ အိမ်သန့်ရှင်းရေး၊ ကလေးထိန်းနှင့် အစောင့်၊

(ဃ) အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အကြောင်းအားလျော်စွာ အခကြေးငွေနှင့်သော်လည်းကောင်း၊ လစာငွေနှင့်သော်လည်းကောင်း ပေးရန်ပြဋ္ဌာန်းထားသည့် ခွင့်ရက်နှင့် အလုပ်ပိတ်ရက်များရရှိသော နိုင်ငံ့ဝန်ထမ်းများ၊

**ရှင်းလင်းချက်။** **"အလုပ်ရှင်၏အိမ်ထောင်စုသား"** ဆိုသည်မှာ အလုပ်ရှင်၏ မိဘ၊ ခင်ပွန်း၊ ဇနီး၊ သားသမီး၊ ညီအစ်ကို (အရင်း)၊ ညီအစ်မ (အရင်း) နှင့် မောင်နှမ (အရင်း) တို့ကို ဆိုသည်။"

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၇) ၌ပါရှိသော **မှတ်ပုံဝင်ဆရာဝန်**ဆိုသည့်စကားရပ်ကို **မှတ်ပုံတင်ဆရာဝန်**ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ **မြန်မာနိုင်ငံဘာယဆေးဆိုင်ရာအက်ဥပဒေ**ဆိုသည့်စကားရပ်ကို **မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥပဒေ**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊

**နိုင်ငံတော်သမတ**ဆိုသည့် စကားရပ်ကို **ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ (၈) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(၈) **အလုပ်ပိတ်ရက်**ဆိုသည်မှာ ရက်သတ္တပတ် အလုပ်ပိတ်ရက်နှင့် အများပြည်သူ အလုပ်ပိတ်ရက်တို့ကို ဆိုသည်။"

၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (၁) နှင့် ပုဒ်မခွဲ (၂) တို့၌ ပါရှိသော **အများအလုပ်ပိတ်ရက်**ဆိုသည့် စကားရပ်ကို **အများပြည်သူအလုပ်ပိတ်ရက်**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက်အက်ဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (၁) ၌ ပါရှိသော **ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ အစိုးရရုံးများအတွက် ရုံးပိတ်ရက်များ**ဆိုသည့် စကားရပ်ကို **ပြည်ထောင်စုအစိုးရအဖွဲ့မှ အမိန့်ကြော်ငြာစာဖြင့် နှစ်စဉ်ထုတ်ပြန်ကြေညာသည့် အများပြည်သူအလုပ်ပိတ်ရက်များ**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (၃) ၏ နောက်တွင် ပုဒ်မခွဲ (၄) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(၄) အလုပ်ရှင်သည် အလုပ်သမားများအား ရက်သတ္တပတ်လျှင် တစ်ရက်ထက်မနည်းသော ရက်သတ္တပတ်အလုပ်ပိတ်ရက်ကို စီစဉ်ဆောင်ရွက်ပေးရမည်။ ရက်သတ္တပတ်တွင် တနင်္ဂနွေနေ့ကိုသော်လည်းကောင်း၊ အလုပ်ရှင်နှင့်အလုပ်သမားများ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းတို့ ကြိုတင်သဘောတူညီမှုဖြင့် ရက်သတ္တပတ်တွင် အခြားနေ့ရက်တစ်ရက်ရက်ကိုသော်လည်းကောင်း ရက်သတ္တပတ် အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ရမည်။"

၆။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (၂) ၌ ပါရှိသော **မှတ်ပုံဝင်ဆရာဝန်**ဆိုသည့် စကားရပ်ကို **မှတ်ပုံတင်ဆရာဝန်**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (၃) ကို ပယ်ဖျက်ရမည်။

၈။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၇ ၏နောက်တွင် ပုဒ်မ ၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၇-က။ ကိုယ်ဝန်ဆောင် အမျိုးသမီးအလုပ်သမားများအား မီးမဖွားမီရက်သတ္တပတ် (၆) ပတ်နှင့် မီးဖွားပြီး ရက်သတ္တပတ် (၈) ပတ်ကို သက်ဆိုင်ရာအခကြေးငွေနှင့်ဖြစ်စေ၊ လစာငွေနှင့်ဖြစ်စေ မီးဖွားခွင့်ရက်အဖြစ်ဖြင့် ခွင့်ပြုရမည်။ မီးဖွားခွင့်ရက်ကို ဆေးလက်မှတ်ခွင့်ရက်နှင့် ဆက်စပ်ခံစားခွင့်ပြုနိုင်သည်။"

၉။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (၂) ၌ ပါရှိသော **နိုင်ငံတော်သမတ**ဆိုသည့် စကားရပ်ကို **အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၁၃ ၌ ပါရှိသော **နိုင်ငံတော်သမတ**ဆိုသည့် စကားရပ်ကို **ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး**ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

၁၁။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၁၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနသည် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

၁၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေပါဇယားကို ပယ်ဖျက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၄)

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )

၁။ လွှတ်တော်ရုံးအသီးသီး၏ ပြင်ဆင်တိုးချဲ့သည့် ဖွဲ့စည်းပုံအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂၅/၂၀၁၃) သဘောတူညီချက်နှင့်အညီ လွှတ်တော်ရုံးမှ အရာထမ်း (၆၂) ဦး၊ အမှုထမ်း (၁၃၃) ဦး၊ အငယ်တန်းစာရေး နေ့စား (၁၉၄) ဦး၊ လုံခြုံရေး (အစောင့်) နေ့စား (၉) ဦး၊ စုစုပေါင်း (၃၉၈) ဦး တို့အား ပြည်သူ့လွှတ်တော်ရုံးသို့ အမိန့်ကြော်ငြာစာအမှတ်၊ ၅၁/၂၀၁၃ ဖြင့် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှစ၍ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ လုပ်ငန်းလိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်ရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်မာအေးအား ပြည်သူ့လွှတ်တော်ရုံးသို့ ထပ်မံလွှဲပြောင်းတာဝန်ထမ်းဆောင်စေလိုက်သည်။

(ပုံ) သူရရွှေမန်း
နာယက
ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )

**၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း**
**ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၅ (က) အရ ထုတ်ပြန် ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**၂၀၁၄ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ (မူကြမ်း)**
**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။ )**

၁၃၇၅ ခုနှစ်၊ လ ရက်

( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် -

(၁) အခန်း (၅)၊ ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(၂) အခန်း (၆) ဝင်ငွေခွန်နှင့်စပ်လျဉ်း၍ -

(ကက) ဤဥပဒေ ပုဒ်မ ၁၆ နှင့် ၂၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

( ခ ခ ) ကျန်ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်အတွက်မှ စတင် အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခွန်အကောက်**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်တို့ကို ဆိုသည်။

(ခ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကို ဆိုသည်။

(ဂ) **နည်းဥပဒေ၊ စည်းမျဉ်း၊ ညွှန်ကြားချက်များ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်ဆိုင်ရာဥပဒေများအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် ညွှန်ကြားချက်များကို ဆိုသည်။

(ဃ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများကို ဆိုသည်။

(င) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**ဆိုသည်မှာ နှစ်အလိုက် ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ဆိုသည်။

(စ) **နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကို ကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

## အခန်း (၂)
## ကောက်ခံရန်အခွန်လျာထားချက်

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်ဖြစ်သည်။

## အခန်း (၃)
## အခွန်နှုန်းများ သတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း

၄။ ဤဥပဒေ၏ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါ အခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ ဤဥပဒေပါ အခွန်အကောက်နှုန်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း ဆောင်ရွက်လိုလျှင် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်နိုင်ရေးအတွက် တင်သွင်းရမည်။

၆။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်ကောက်ခံရန် လျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

၇။ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှု စာရင်းများကို စုစည်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

## အခန်း (၄)
## သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

၈။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဤဥပဒေ၏ ဇယား (၁) ပါ အခွန်အကောက် ကောက်ခံရန် လျာထားချက်များ ကောက်ခံရရှိရေးအတွက် တာဝန်ခံ စီမံကြီးကြပ်ရမည်။

၉။ အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနသည် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ အကူအညီကို ရယူနိုင်သည်။

## အခန်း (၅)
## ကုန်သွယ်လုပ်ငန်းခွန်

၁၀။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲ ဇယားများကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်ပြဋ္ဌာန်းလိုက်သည် -

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနောက်ဆက်တွဲဇယားများ**

(က) မည်သူမဆို အောက်ဖော်ပြပါ အပိုဒ် (ခ) နှင့် (ဂ) တို့တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှအပ ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်စေရမည်။

(ခ) အောက်ဖော်ပြပါ ကုန်စည်အမျိုးအစားများနှင့်စပ်လျဉ်း၍ ပြည်ပမှတင်သွင်းသည့် ကုန်စည်ဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးပေါ်တွင်လည်းကောင်း၊ နိုင်ငံတော်အတွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်လျှင် ရောင်းရငွေပေါ်တွင်လည်းကောင်း ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေရမည် -

**အထူးကုန်စည်များ**

| စဉ် | ကုန်စည်အမျိုးအမည် | အခွန်ရာခိုင်နှုန်း |
|---|---|---|
| ၁ | စီးကရက်။ | ၁၀၀ |
| ၂ | ဆေးရွက်ကြီး။ | ၅၀ |
| ၃ | ဗာဂျီးနီးယားပေါင်းတင်ပြီးဆေး။ | ၅၀ |
| ၄ | ဆေးပေါ့လိပ်။ | ၅၀ |
| ၅ | ဆေးပြင်းလိပ်။ | ၅၀ |
| ၆ | ဆေးတံသောက်ဆေးများ။ | ၅၀ |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | ၅၀ |
| ၈ | အရက်အမျိုးမျိုး။ | ၅၀ |
| ၉ | ဘီယာအမျိုးမျိုး။ | ၅၀ |
| ၁၀ | ဝိုင်အမျိုးမျိုး။ | ၅၀ |
| ၁၁ | ကျွန်းသစ်လုံးနှင့် အခြေခံအဆင့်သာ ခွဲစိတ်ထားသော ကျွန်းခွဲသားများ။ | ၅၀ |
| ၁၂ | ကျွန်းမှအပ ကျန်သစ်လုံးနှင့်အခြေခံအဆင့်သာခွဲစိတ်ထားသော သစ်ခွဲသားများ။ | ၅၀ |

## အထူးကုန်စည်များ

| စဉ် | ကုန်စည်အမျိုးအမည် | အခွန်ရာခိုင်နှုန်း |
|---|---|---|
| ၁၃ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့်အခြားအဖိုးတန်ကျောက်မျက်ရတနာများ။ | ၃၀ |
| ၁၄ | အပေါ့စား ဘင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့်အပေါ့စားဝက်ဂွန် (Estate Wagon) ကားများ၊ ကူပေး (Coupe) ကားများ။ | ၂၅ |
| ၁၅ | သဘာဝဓာတ်ငွေ့။ | ၈ |

(ဂ) အောက်ဖော်ပြပါ ကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ။

## အခွန်မကျသင့်သည့်ကုန်စည်များ

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စပါး။ |
| ၂ | ဂျုံစေ့။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံများ။ |
| ၄ | ပဲလုံးအမျိုးမျိုး။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း။ |
| ၇ | မုန်ညင်းစေ့၊ နေကြာစေ့၊ မန်ကျည်းစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ။ |
| ၁၄ | ဟင်းခတ်မဆလာ။ |
| ၁၅ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၆ | ဟင်းသီးဟင်းရွက်များ။ |
| ၁၇ | ကြံ။ |
| ၁၈ | ပိုးစာရွက်။ |
| ၁၉ | ပရဆေးပင်။ |
| ၂၀ | လယ်ယာကိုင်းကျွန်းထွက် ကွဲ နွားစာ အစို၊ အခြောက်။ |
| ၂၁ | အခြားနေရာတွင် သီးခြားဖော်ပြထားခြင်းမရှိသည့် သင်၊ သက်ငယ်၊ သပေါ့၊ ဓနိ စသော လယ်ယာကိုင်းကျွန်းထွက်ကုန်များ။ |
| ၂၂ | ထင်း၊ ဝါး။ |
| ၂၃ | သက်ရှိတိရစ္ဆာန်များ။ |
| ၂၄ | ပိုးအိမ်။ |
| ၂၅ | ကြိမ်အကြမ်းအချော။ |

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၂၆ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၇ | ချိပ်များ။ |
| ၂၈ | ပဲဖွဲနှင့် ပဲအခွံများ။ |
| ၂၉ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ် စသည့် ဆီကြိတ်ပြီးအဖတ်များ။ |
| ၃၀ | ဆပ်ပြာမှုန့်ကြမ်း။ |
| ၃၁ | အရောင်ချွတ်ဖတ်။ |
| ၃၂ | ဖန်ပြီးဝါ။ |
| ၃၃ | အုန်းဆံချည်ခင်။ |
| ၃၄ | ငှက်မွေး၊ ဘဲမွေး။ |
| ၃၅ | ထီးပိတ်များ။ |
| ၃၆ | ဆေးဝွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးရုံသုံးအဝတ်အစားနှင့် ဆေးရုံသုံးအထွေထွေပစ္စည်းများ။ |
| ၃၇ | ဓာတ်မှန်ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာတန်ဆာပလာများနှင့် အခြားဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာတန်ဆာပလာများ။ |
| ၃၈ | ပိုးသတ်ဆေးများ။ |
| ၃၉ | နယ်ဘက်ဌာနများသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ။ |
| ၄၀ | တံဆိပ်ခေါင်းအမျိုးမျိုး။ |
| ၄၁ | ကာကွယ်ရေးနှင့်လုံခြုံရေးအဖွဲ့အစည်းများသုံး ပစ္စည်းနှင့် ပစ္စည်းကိရိယာများ။ |
| ၄၂ | ချိပ်ပြားနှင့် တံဆိပ်နှိပ်ချိပ်များ။ |
| ၄၃ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်နှင့် ပုံဆွဲစာအုပ်အမျိုးမျိုးနှင့် ယင်းစာအုပ်များ ထုတ်လုပ်ရန် စက္ကူများ၊ ခဲတံအမျိုးမျိုး။ |
| ၄၄ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၄၅ | မျှင်ငါးပိ။ |
| ၄၆ | ပုစွန်ငံပြာရည်၊ မျှင်ငံပြာရည်၊ ငါးငံပြာရည်။ |
| ၄၇ | ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ အခြားစားသုံးဆီနှင့်ဆီအခဲများ။ |
| ၄၈ | ဂျုံမှုန့်အနုနှင့်အကြမ်း။ |
| ၄၉ | ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး။ |
| ၅၀ | ဆန်၊ ဆန်ကွဲ၊ ဖွဲ။ |
| ၅၁ | ငါးစို၊ ပုစွန်စို။ |
| ၅၂ | နို့၊ နို့မှုန့်အမျိုးမျိုး။ |
| ၅၃ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၅၄ | နနွင်း၊ နနွင်းမှုန့်။ |
| ၅၅ | ချင်း။ |
| ၅၆ | ငါး၊ ငါးပိ။ |
| ၅၇ | မန်ကျည်းမှည့်။ |
| ၅၈ | နိုင်ငံတော်အလံ။ |
| ၅၉ | စိပ်ပုတီးအမျိုးမျိုး။ |
| ၆၀ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| ၆၁ | ထင်းအစားထိုးလောင်စာတောင့်။ |
| ၆၂ | အုန်းဆီ။ |
| ၆၃ | ကြက်ဥ၊ ဘဲဥ စသည့် ဥအမျိုးမျိုး။ |

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၆၄ | ဖရုံစေ့၊ ဖရဲစေ့။ |
| ၆၅ | ဘာသာရေးဆိုင်ရာအဝတ်အထည် (သင်္ကန်း စသည်ဖြင့်)။ |
| ၆၆ | ခဲတံလုပ်ရန် ခဲဆန်။ |
| ၆၇ | ကွန်ဒုံး (Condom)။ |
| ၆၈ | ရေနံချေး။ |
| ၆၉ | ဆား။ |
| ၇၀ | ဓာတ်မြေသြဇာများ။ |
| ၇၁ | တိရစ္ဆာန်အစားအစာများ။ |
| ၇၂ | ကြက်ပေါင်စေး။ |
| ၇၃ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter) |

(ဃ) မည်သူမဆို အောက်ဖော်ပြပါ ဆောင်ရွက်မှုများအတွက် ရောင်းရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည် -

(၁) ကုန်စည်တင်သွင်းခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

( င ) အထက်အပိုဒ် (ခ) ပါ ကုန်စည်တစ်မျိုးမျိုးကို ပြည်ပမှတင်သွင်းရောင်းချခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို တင်သွင်းစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်မရှိစေရ။ အလားတူ အဆိုပါကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချသူထံမှ ဝယ်ယူ၍ ကုန်သွယ်မှုဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကို ဝယ်ယူစဉ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်မရှိစေရ။

( စ ) ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုများမှအပ ကျန်ဝန်ဆောင်မှုရငွေအပေါ် ၅ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဆ) ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေပမာဏ မများပြားသော ကုန်စည်ထုတ်လုပ်ရောင်းချမှု၊ ကုန်သွယ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများအတွက် လစဉ်ပုံသေနှုန်းထားဖြင့် အခွန်ကျသင့်စေရန် သက်သာခွင့်ကို ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။”

၁၁။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ခြင်းမပြုရ -

(က) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ကုန်စည်များကို နိုင်ငံတော်အတွင်း ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်းတစ်ရာတိတိ၊

( ခ ) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်းတစ်ရာတိတိ၊

( ဂ ) ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်းတစ်ရာတိတိ။

၁၂။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်း၊ ကုန်သွယ်မှု

လုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာအခွန်နှုန်းများအတိုင်းတွက်ချက်၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှ သတ်မှတ်သည့် နည်းလမ်းများအညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၃။ အထက် ပုဒ်မ ၁၂ ပါ သတ်မှတ်ချက်သည် ပြည်ပပို့ကုန်ရောင်းရငွေနှင့် သက်ဆိုင်ခြင်းမရှိစေရ။ မည်သူမဆို အောက်ပါကုန်စည်များကို ပြည်ပသို့တင်ပို့ ရောင်းချပါက ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါအခွန်နှုန်းအတိုင်း ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည် -

(က) ရေနံစိမ်း၊

(ခ) သဘာဝဓာတ်ငွေ့၊

(ဂ) ကျွန်းသစ်လုံးနှင့် အခြေခံအဆင့်သာခွဲစိတ်ထားသော ကျွန်းခွဲသားများ၊

(ဃ) ကျွန်းမှအပ ကျန်သစ်လုံးနှင့် အခြေခံအဆင့်သာခွဲစိတ်ထားသော သစ်ခွဲသားများ၊

(င) ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ မြ၊ စိန်နှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာများ။

၁၄။ ဤဥပဒေပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ အရ မစည်းကြပ်ထိုက်သည့် ရောင်းရငွေ ရငွေပမာဏသတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၅။ ဤအခန်းတွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၆)
## ဝင်ငွေခွန်

၁၆။ မည်သူ့ကိုမဆို လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းများကို အောက်ပါအတိုင်း သတ်မှတ်သည် -

| အမှတ်စဉ် | သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်လစာဝင်ငွေအပေါ် ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၅၀၀,၀၀၀ | ၁ ရာခိုင်နှုန်း |
| ၂ | ၅၀၀,၀၀၁ | ၁,၀၀၀,၀၀၀ | ၂ ရာခိုင်နှုန်း |
| ၃ | ၁,၀၀၀,၀၀၁ | ၁,၅၀၀,၀၀၀ | ၃ ရာခိုင်နှုန်း |
| ၄ | ၁,၅၀၀,၀၀၁ | ၂,၀၀၀,၀၀၀ | ၄ ရာခိုင်နှုန်း |
| ၅ | ၂,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၆ | ၃,၀၀၀,၀၀၁ | ၄,၀၀၀,၀၀၀ | ၆ ရာခိုင်နှုန်း |
| ၇ | ၄,၀၀၀,၀၀၁ | ၆,၀၀၀,၀၀၀ | ၇ ရာခိုင်နှုန်း |
| ၈ | ၆,၀၀၀,၀၀၁ | ၈,၀၀၀,၀၀၀ | ၉ ရာခိုင်နှုန်း |
| ၉ | ၈,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၁ ရာခိုင်နှုန်း |
| ၁၀ | ၁၀,၀၀၀,၀၀၁ | ၁၅,၀၀၀,၀၀၀ | ၁၃ ရာခိုင်နှုန်း |
| ၁၁ | ၁၅,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၁၂ | ၂၀,၀၀၀,၀၀၁ နှင့်အထက် | | ၂၀ ရာခိုင်နှုန်း |

၁၇။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှအပ နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၁၈။ နိုင်ငံခြားသားတစ်ဦးသည် နိုင်ငံတော်၏ သို့မဟုတ် နိုင်ငံတော်က ကမကထပြုသော စီမံကိန်းလုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ရပ်ရပ်၌ သက်ဆိုင်သည့် ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်ခြင်း ဖြစ်လျှင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ထိုသူရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်းဝင်ငွေ အပေါ် ၂၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၁၉။ နိုင်ငံခြား၌ ဖွဲ့စည်းထားသော ပုဂ္ဂိုလ်စုသည် နိုင်ငံတော်၏ သို့မဟုတ် နိုင်ငံတော်က ကမကထပြုသော စီမံကိန်းလုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ရပ်ရပ်၌ သက်ဆိုင်သည့်ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြစ်လျှင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ထိုပုဂ္ဂိုလ်စုရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်းဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၀။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရ ဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ တည်ထောင်ထားသည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းကုမ္ပဏီက ရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်းဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ပြည်ပနေနိုင်ငံခြားသား၏ စုစုပေါင်း ဝင်ငွေအပေါ် ၃၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ဝင်ငွေကို နိုင်ငံခြားငွေဖြင့်ရရှိခြင်းဖြစ်ပါက ဝင်ငွေခွန်ကို ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၂၂။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ဝင်ငွေရလမ်းမဖော်ပြနိုင်သည့် ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၃။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ အခြေပစ္စည်းတစ်ရပ်ရပ်ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းအတွက် အသုံးပြုသည့် ဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ် ရမည်။

၂၄။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ ပစ္စည်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြေပစ္စည်းတစ်ရပ်ရပ် ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းအတွက် အသုံးပြုသည့် ဝင်ငွေမှအပဖြစ်သော အခြားရလမ်းများမှ ဝင်ငွေများအပေါ် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းများကို အောက်ပါအတိုင်း သတ်မှတ်သည် -

| အမှတ်စဉ် | သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၅၀၀,၀၀၀ | ၂ ရာခိုင်နှုန်း |
| ၂ | ၅၀၀,၀၀၁ | ၁,၀၀၀,၀၀၀ | ၄ ရာခိုင်နှုန်း |
| ၃ | ၁,၀၀၀,၀၀၁ | ၂,၀၀၀,၀၀၀ | ၆ ရာခိုင်နှုန်း |
| ၄ | ၂,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀ | ၈ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၁ | ၄,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |

| အမှတ်စဉ် | သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၆ | ၄,၀၀၀,၀၀၁ | ၆,၀၀၀,၀၀၀ | ၁၂ ရာခိုင်နှုန်း |
| ၇ | ၆,၀၀၀,၀၀၁ | ၈,၀၀၀,၀၀၀ | ၁၄ ရာခိုင်နှုန်း |
| ၈ | ၈,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၆ ရာခိုင်နှုန်း |
| ၉ | ၁၀,၀၀၀,၀၀၁ | ၁၅,၀၀၀,၀၀၀ | ၁၈ ရာခိုင်နှုန်း |
| ၁၀ | ၁၅,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၁၁ | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၅ ရာခိုင်နှုန်း |
| ၁၂ | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

၂၅။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်း၊ သမဝါယမအသင်းစု၊ သမဝါယမအသင်းစုချုပ် သို့မဟုတ် ဗဟိုသမဝါယမအသင်းများ၏ ဝင်ငွေအပေါ် ဝင်ငွေခွန်ဥပဒေအရ စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းများကို အောက်ပါအတိုင်း သတ်မှတ်သည် -

| အမှတ်စဉ် | သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၅၀၀,၀၀၀ | ၂ ရာခိုင်နှုန်း |
| ၂ | ၅၀၀,၀၀၁ | ၁,၀၀၀,၀၀၀ | ၄ ရာခိုင်နှုန်း |
| ၃ | ၁,၀၀၀,၀၀၁ | ၂,၀၀၀,၀၀၀ | ၆ ရာခိုင်နှုန်း |
| ၄ | ၂,၀၀၀,၀၀၁ | ၃,၀၀၀,၀၀၀ | ၈ ရာခိုင်နှုန်း |
| ၅ | ၃,၀၀၀,၀၀၁ | ၄,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၆ | ၄,၀၀၀,၀၀၁ | ၆,၀၀၀,၀၀၀ | ၁၂ ရာခိုင်နှုန်း |
| ၇ | ၆,၀၀၀,၀၀၁ | ၈,၀၀၀,၀၀၀ | ၁၄ ရာခိုင်နှုန်း |
| ၈ | ၈,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၆ ရာခိုင်နှုန်း |
| ၉ | ၁၀,၀၀၀,၀၀၁ | ၁၅,၀၀၀,၀၀၀ | ၁၈ ရာခိုင်နှုန်း |
| ၁၀ | ၁၅,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၁၁ | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၅ ရာခိုင်နှုန်း |
| ၁၂ | ၃၀,၀၀၀,၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

၂၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီများက ကုမ္ပဏီရှိ အစုရှယ်ယာများ၊ မတည်အပိုင်ပစ္စည်းများစသည့် အခြေပစ္စည်းများကို ရောင်းချခြင်းမှဖြစ်ထွန်းပေါ်ပေါက်သည့် အခြေပစ္စည်းမြတ်စွန်းငွေမှအပ ပုဂ္ဂလိက၊ သမဝါယမအသင်းနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ်တွင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ မြတ်စွန်းသည့်ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ၄၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၈။ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီများသည် ကုမ္ပဏီရှိ အစုရှယ်ယာများ၊ မတည်အပိုင်ပစ္စည်းများ စသည့် အခြေပစ္စည်းများကို မည်သည့်နည်းလမ်းဖြင့်မဆို နိုင်ငံခြားငွေဖြင့် ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းကြောင့် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်လျှင် အောက်တွင် မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း နိုင်ငံခြားငွေဖြင့် ဝင်ငွေခွန်ပေးဆောင်ရမည် -

| **မြတ်စွန်းငွေ** | **ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း** |
|---|---|
| (က) နိုင်ငံခြားငွေ (၁၀၀) သန်းအထိ | ၄၀ % |
| (ခ) နိုင်ငံခြားငွေ (၁၀၀) သန်းနှင့် (၁၅၀) သန်းအကြား | ၄၅ % |
| (ဂ) နိုင်ငံခြားငွေ (၁၅၀) သန်းအထက် | ၅၀ % |

၂၉။ လစာခေါင်းစဉ်အောက်မှ ဝင်ငွေအပေါ် အခွန်စည်းကြပ်ရာတွင် စုစုပေါင်းလစာငွေကျပ် ၁,၄၄၀,၀၀၀ ထက်မပိုလျှင် ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။ သို့ရာတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပြန်တမ်းဝင်အရာရှိ ခန့်ထားခံရပြီး ကနဦးလစာ စတင်ခံစားချိန်မှစ၍ ဝင်ငွေခွန်ကို ပေးဆောင်ရမည်။

၃၀။ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ ပစ္စည်းနှင့် အခြားရလမ်းများမှ ဝင်ငွေများ အပေါ် အခွန်စည်းကြပ်ရာတွင် စုစုပေါင်းဝင်ငွေ ကျပ် ၁,၂၀၀,၀၀၀ ထက်မပိုလျှင် ဝင်ငွေခွန်စည်းကြပ်ခြင်း မပြုရ။

၃၁။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်း၊ သမဝါယမ အသင်းစု၊ သမဝါယမအသင်းစုချုပ် သို့မဟုတ် ဗဟိုသမဝါယမအသင်းများ၏ ဝင်ငွေအပေါ် အခွန်စည်းကြပ် ရာတွင် စုစုပေါင်းဝင်ငွေ ကျပ် ၁,၂၀၀,၀၀၀ ထက်မပိုလျှင် ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။

၃၂။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ် ၅,၀၀၀,၀၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန်စည်းကြပ်ခြင်း မပြုရ။

၃၃။ အထက်ပုဒ်မ ၃၀ ပါ စည်းကြပ်ခြင်းမပြုရသော ဝင်ငွေသည် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဝင်ငွေ၊ ရလမ်းမဖော်ပြနိုင်သည့်ဝင်ငွေ၊ အခြေပစ္စည်းတစ်ရပ်ရပ်ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်း အတွက် အသုံးပြုသည့်ဝင်ငွေတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃၄။ အထက်ပုဒ်မ ၂၉၊ ၃၀ နှင့် ၃၁ တို့ပါ စည်းကြပ်ခြင်းမပြုရသောဝင်ငွေသည် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့်ဝင်ငွေအပေါ် ဝင်ငွေခွန်စည်းကြပ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၃၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံသက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေဖြစ်ရမည်။ သို့ရာတွင် တစ်နှစ် အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ် ၁၀,၀၀၀,၀၀၀ ထက်မပိုစေရ။

၃၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ တစ်ဦးချင်းပုဂ္ဂိုလ်၏ အိမ်ထောင်ဖက်နှင့် သားသမီးများအတွက် အောက်ပါအတိုင်း သက်သာခွင့်ပြုရမည် -

(က) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၃၀၀,၀၀၀၊

(ခ) သားသမီးတစ်ဦးလျှင် ကျပ် ၂၀၀,၀၀၀ စီ။

၃၇။ အခြေပစ္စည်းမှ မြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များမှ နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန်ပေးဆောင်ရမည်။

၃၈။ ဤဥပဒေ အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန် ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)

## အထွေထွေ

၃၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ဇယား (၁)

## ၂၀၁၄ - ၂၀၁၅ ခု ဘဏ္ဍာရေးနှစ်
## ပြည်ထောင်စု၏ အခွန်အကောက်များ ကောက်ခံရန် မူလလျာထားချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံ ဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၄- ၂၀၁၅ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက်** | **၁၄၆၄၄၈၇. ၇၇၄** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၉၃၄. ၈၃၃ |
| | ၂ | ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၁၂၉၁၀၈၂. ၂၃၇ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက် လိုင်စင်ခများ၊ | ၈၀၀၀. ၀၀၀ |
| | ၄ | ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၂၈၀၀၀. ၄၁၀ |
| | ၅ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | သယ်ယူပို့ဆောင်ရေးအခွန်၊ | ၁၀၅၄၇၀. ၂၉၄ |
| | ၆ | ဘဏ္ဍာရေးဝန်ကြီးဌာန | တံဆိပ်ခေါင်းခွန်၊ | ၃၁၀၀၀. ၀၀၀ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၁၆၆၄၉၃၂. ၇၂၉** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၁၆၆၄၉၃၂. ၇၂၉ |
| ၃ | | | **အကောက်ခွန်** | **၁၉၀၀၀၀. ၀၀၀** |
| | ၁ | ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၁၉၀၀၀၀. ၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက်** | **၁၅၇၁၁၆၀. ၄၄၀** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင် ကောက်ခံသည့်အခွန်၊ | ၀. ၈၉၀ |
| | ၂ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ရေခွန်၊ | ၁၀၁၆. ၅၄၃ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀. ၀၂၅ |
| | ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊ | ၁၈၄၈. ၀၆၁ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်၊ | ၇. ၄၅၀ |
| | ၆ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အင်းအိုင်ခွန်၊ | ၁၀၈၃. ၇၀၀ |
| | ၇ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | ကြက်ပေါင်စေးအပေါ်တွင် ကောက်ခံသည့် အခွန်၊ | ၀. ၅၀၀ |
| | ၈ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့် အတွက် ကောက်ခံသည့် အခွန်၊ | ၃၂၉၃၄၃. ၂၇၁ |
| | ၉ | သတ္တုတွင်းဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် ရတနာခွန်၊ | ၁၄၀၀. ၀၀၀ |
| | ၁၀ | ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အကောက်၊ | ၁၂၂၅၀၀၀. ၀၀၀ |
| | ၁၁ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အကောက်၊ | ၁၁၄၆၀. ၀၀၀ |
| | | | **စုစုပေါင်း** | **၄၈၉၀၅၈၀. ၉၄၃** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် )

**အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆။) အား ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၆။ )**

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင် စေရမည်။

၂။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ တွင်ပါရှိသော "အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ" ဆိုသည့် စကားရပ်အစား "အနည်းဆုံး ငါးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၄ တွင် ပါရှိသော "ထောင်ဒဏ် ၅ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့် စကားရပ်အစား "ငွေဒဏ် ကျပ်သိန်းငါးဆယ်မှ ကျပ်သိန်းတစ်ရာအထိ ချမှတ်ရမည်။ ငွေဒဏ်မဆောင်ပါက ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၅ တွင် ပါရှိသော "ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့် စကားရပ်အစား "ငွေဒဏ် ကျပ်တစ်ဆယ်သိန်းမှ ကျပ်သိန်းငါးဆယ်အထိ ချမှတ်ရမည်။ ငွေဒဏ်မဆောင်ပါက ထောင်ဒဏ် အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၆ တွင် ပါရှိသော "ထောင်ဒဏ် ၁ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့် စကားရပ်အစား "ငွေဒဏ် ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။ ငွေဒဏ်မဆောင်ပါက ထောင်ဒဏ်သုံးလအထိ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၇ တွင် ပါရှိသော "ထောင်ဒဏ် ၁ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့် စကားရပ်အစား "ငွေဒဏ် ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။ ငွေဒဏ်မဆောင်ပါက ထောင်ဒဏ်သုံးလအထိ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၃ ရက် )

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇။) အား ပြည်ထောင်စုလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ညွှန့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇။ )

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ညွှန့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ The Myanmar Auxiliary Force Act (Vol.II) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၄)

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၃ ရက် )

### တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈။ )

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (က) ၌ "တိုင်းရင်းဆေးဝါးဆိုသည်မှာ လူနှင့် တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်၊ ကျန်းမာရေးတိုးတက်စေရန် တိုင်းရင်းဆေးပညာကို အခြေခံ၍ ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုရန် အနောက်တိုင်းဆေးများ မပါဝင်ဘဲ ပြည်တွင်းတွင် ဖော်စပ်သည့်ပစ္စည်းကို ဆိုသည်။" ဟု အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဌ) ၌ ပါရှိသော "ဆေးမြီးတို" ဆိုသည့် စကားရပ်ကို "အလွယ်တကူဖော်စပ်သုံးစွဲနိုင်သော အရပ်သုံးဆေးဝါး" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဍ) ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (ဎ)၊ (ဏ)၊ (တ) နှင့် (ထ) တို့ကို ပုဒ်မခွဲ (ဍ)၊ (ဎ)၊ (ဏ) နှင့် (တ) တို့အဖြစ် ပြောင်းလဲသတ်မှတ်ရမည်။

၃။ တိုင်းရင်းဆေးဝါးဥပဒေ ပုဒ်မ ၃၁ တွင် ပါရှိသော "ငွေဒဏ်ကျပ် ၃၀၀၀၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် သုံးသိန်းအထိဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၃၂ တွင် -

(က) ပုဒ်မခွဲ (က) ၌ ပါရှိသော "ငွေဒဏ်ကျပ် ၃၀၀၀၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ် သုံးသိန်းအထိဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) ၌ ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်ကျပ်တစ်သိန်းအထိဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၃၃ တွင် ပါရှိသော "ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ငွေဒဏ် ကျပ်ငါးသောင်းအထိဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ ၄၃ တွင် ပုဒ်မခွဲ (က) ၌ ပါရှိသော "၊ လုပ်ထုံးလုပ်နည်းများ" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ပြီး ပုဒ်မခွဲ (ခ) ၌ "ညွှန်ကြားချက်" ဆိုသည့် စကားရပ်၏ နောက်တွင် "နှင့် လုပ်ထုံးလုပ်နည်းများ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၄)

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၂ ရက် )

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉။ )

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၂ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဖွံ့ဖြိုးရေးလုပ်ငန်း**ဆိုသည်မှာ မြို့နယ်ကို အခြေခံ၍ ခွဲဝေသတ်မှတ်သည့် ပြည်ထောင်စု၏ ထောက်ပံ့ငွေဖြင့် သက်ဆိုင်ရာမြို့နယ်အတွင်း လွှတ်တော်ကိုယ်စားလှယ်များက အကောင်အထည်ဖော်ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းကို ဆိုသည်။

(ခ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ရန်ပုံငွေလျာထားခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန် ပြည်ထောင်စုလွှတ်တော်က ဤဥပဒေအရ ဖွဲ့စည်းသော ကော်မတီကို ဆိုသည်။

(ဂ) **လွှတ်တော်ကိုယ်စားလှယ်**ဆိုသည်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မည့် သက်ဆိုင်ရာမြို့နယ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့ကို ဆိုသည်။

(ဃ) **မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ တာဝန်ခံကြီးကြပ်ရန် ပုဒ်မ ၈ အရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(င) **ဘဏ္ဍာရေးကော်မရှင်**ဆိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ဖွဲ့စည်းတာဝန်ပေးအပ်သည့် ဘဏ္ဍာရေးကော်မရှင်ကို ဆိုသည်။

(စ) **ဖွံ့ဖြိုးရေးရန်ပုံငွေ**ဆိုသည်မှာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားသော ထောက်ပံ့ငွေကို ဆိုသည်။

(ဆ) **ဖွံ့ဖြိုးရေးရန်ပုံငွေ နှစ်စဉ်လျာထားချက်**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စုလွှတ်တော်ရုံးက ဘဏ္ဍာရေးကော်မရှင်သို့ အရအသုံးခန့်မှန်းခြေငွေစာရင်း၌ လျာထားခွင့်ပြုပေးရန် အဆိုပြုသည့် ထောက်ပံ့ငွေကို ဆိုသည်။

(ဇ) **လုပ်ငန်းနှင့်စာရင်းစစ်ဆေးရေးဗဟိုအဖွဲ့**ဆိုသည်မှာ သက်ဆိုင်ရာမြို့နယ်၌ ဗဟိုကော်မတီက ခွင့်ပြုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေခွဲဝေသုံးစွဲရာတွင် ဗဟိုကော်မတီက သတ်မှတ်ထားသည့် စည်းကမ်းများနှင့် ကိုက်ညီမှု ရှိ မရှိ၊ လုပ်ငန်း၏ မူလရည်ရွယ်ချက်နှင့် ရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း ရှိ မရှိ၊ လုပ်ငန်းများနှင့် စာရင်းများကို စစ်ဆေးရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရေးအတွက်လည်းကောင်း ဗဟိုကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်သည့် အဖွဲ့ကို ဆိုသည်။

(ဈ) **မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ**ဆိုသည်မှာ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၃) ဖြင့် ဖွဲ့စည်းသော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မြို့နယ်အားလုံးနှင့် ကျေးလက်ဒေသမကျန် နှစ်စဉ်ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အလိုက် ဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာခန့်မှန်းခြေငွေစာရင်း ရေးဆွဲရာတွင် ပါဝင်လာစေရန်၊

(ခ) မဲဆန္ဒနယ်မြေရှိ ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊

(ဂ) ပြည်သူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင် အဓိကဆောင်ရွက်ရမည့် လုပ်ငန်းငယ်များကို အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်၊

(ဃ) ကျေးလက်ဒေသများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူဖြစ်စေရန်၊

(င) မြို့နယ်အလိုက်သုံးစွဲရန် ခွင့်ပြုထားသော ထောက်ပံ့ငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်သည့် အလေ့အကျင့်ရရှိစေရန်။

## အခန်း (၃)
## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေ နှစ်စဉ်လျာထားခွင့်ပြုခြင်း

၄။ ပြည်ထောင်စုလွှတ်တော်ရုံးသည် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ်လျာထားပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။

၅။ ဗဟိုကော်မတီသည် ပြည်ထောင်စုလွှတ်တော်ရုံးက နှစ်စဉ်အဆိုပြုသည့် ဖွံ့ဖြိုးရေးရန်ပုံငွေလျာထားချက်ကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ

ဥပဒေကြမ်းတွင် ပြည်ထောင်စု၏ထောက်ပံ့ငွေအဖြစ် ထည့်သွင်းခွင့်ပြုနိုင်ရန် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၄)
## ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၆။ ပြည်ထောင်စုလွှတ်တော်သည် ဗဟိုကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | နာယက<br>ပြည်ထောင်စုလွှတ်တော် | ဥက္ကဋ္ဌ |
| (ခ) | ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် သို့မဟုတ် ဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |
| (င) | ဥက္ကဋ္ဌ<br>ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ<br>ပြည်ထောင်စုလွှတ်တော် | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီ<br>ပြည်ထောင်စုလွှတ်တော် | အဖွဲ့ဝင် |
| (ဆ) | အတွင်းရေးမှူး<br>ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ<br>ပြည်ထောင်စုလွှတ်တော် | အတွင်းရေးမှူး |
| (ဇ) | အတွင်းရေးမှူး<br>စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းကော်မတီ<br>ပြည်ထောင်စုလွှတ်တော် | တွဲဖက်အတွင်းရေးမှူး |

၇။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ခ) ဖွံ့ဖြိုးရေးရန်ပုံငွေကို နှစ်စဉ်လျာထားသတ်မှတ်၍ ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ထည့်သွင်းရေးဆွဲနိုင်ရန် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဂ) သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့က အဆိုပြုတင်ပြသော လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ပူးပေါင်းကော်မတီများအား စိစစ်တင်ပြရန် လိုအပ်သလို တာဝန်ပေးအပ်ခြင်း၊

(ဃ) ဖွံ့ဖြိုးရေးရန်ပုံငွေကို မြို့နယ်အရွယ်အစားနှင့် ဖွံ့ဖြိုးမှုအလိုက် စိစစ်ခွင့်ပြုခြင်း၊

(င) ဖွံ့ဖြိုးရေးရန်ပုံငွေကို သုံးစွဲရန် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ သုံးစွဲစေခြင်း၊

(စ) လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးဗဟိုအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဆ) မြို့နယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စာရင်းချုပ်ပြုစု၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအစီရင်ခံခြင်း၊

(ဇ) ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးအား တာဝန်လွှဲအပ်ဆောင်ရွက်စေခြင်း။

## အခန်း (၅)

## မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းတာဝန်များ

၈။ (က) မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး — ဥက္ကဋ္ဌ

(၂) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော လွှတ်တော်ကိုယ်စားလှယ်မှအပ ကျန်လွှတ်တော်ကိုယ်စားလှယ်များ — အဖွဲ့ဝင်များ

(၃) အမှုဆောင်အရာရှိ
မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်စည်ပင်သာယာရေးကော်မတီ — အဖွဲ့ဝင်

(၄) မြို့နယ်ဦးစီးမှူး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၅) ဥက္ကဋ္ဌ
မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ — အဖွဲ့ဝင်

(၆) မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော အဖွဲ့တွင် လိုအပ်ပါက အဖွဲ့ဝင်များထဲမှ ပုဂ္ဂိုလ်နှစ်ဦးကို ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၉။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဒေသအတွက် အမှန်တကယ်လိုအပ်သည့် လုပ်ငန်းများကို ကုန်ကျစရိတ်မကြီးမြင့်စေဘဲ အလေးထားဆောင်ရွက်ခြင်းနှင့် ယင်းလုပ်ငန်းများကို ကြီးကြပ်ခြင်း၊

(ခ) ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဒေသခံပြည်သူများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုကို ရယူသည့် နည်းလမ်းအား အလေးထားအသုံးပြုခြင်း၊

(ဂ) ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ မြို့နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ သဘောထားကိုပါ ထည့်သွင်းစဉ်းစားနိုင်ရန် သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို လိုအပ်ပါက အကြံဉာဏ်များ ရယူနိုင်ခြင်း၊

(ဃ) ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းများကို စနစ်တကျရှိစေရေးအတွက် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့၏ အတွင်းရေးမှူးအား တာဝန်ပေးအပ်ခြင်း၊

(င) မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအလိုက်လုပ်ဆောင်မည့်ဌာန သို့မဟုတ် အဖွဲ့အစည်းသို့ လုပ်ငန်းအပ်နှံခြင်း၊

(စ) ကော်မတီ၏ ခွင့်ပြုချက်ဖြင့် လွှဲပြောင်းပေးပို့လာသောငွေကို သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲများတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း (အခြားစာရင်းရှင်) UFA (OA) အား ပြည်ထောင်စုလွှတ်တော်ရုံး၏ ဒေသနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေအမည်ဖြင့် ဖွင့်လှစ်ပြီး ငွေထုတ်သူအရာရှိအဖြစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ အမည်စာရင်းနှင့် ငွေစာရင်းအမှတ်တို့ကို ကော်မတီသို့ ပေးပို့ခြင်း၊

(ဆ) လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ မှတ်တမ်းအထောက်အထားများကို စနစ်တကျထိန်းသိမ်း၍ စာရင်းဇယားများပြုစုခြင်းနှင့် ယင်းမှတ်တမ်းအထောက်အထားများနှင့် စာရင်းဇယားများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ထိန်းသိမ်းထားရှိခြင်း၊

(ဇ) ဗဟိုကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း။

## အခန်း (၆)
## လုပ်ငန်းနှင့်စာရင်းစစ်ဆေးမှုခံယူခြင်း

၁၀။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြည်ထောင်စုလွှတ်တော်နာယက က အကြောင်းကြားသည့်အခါ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စာရင်းများကို စစ်ဆေးပြီး စာရင်းစစ်အစီရင်ခံစာကို တင်ပြရမည်။

၁၁။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် သက်ဆိုင်သော စာရင်းဇယားများ၊ မှတ်တမ်းများ၊ စာရင်းစစ်ဆေးချက်နှင့် အစီရင်ခံစာများကို ဗဟိုကော်မတီသို့ ပေးပို့တင်ပြရမည်။

## အခန်း (၇)
## မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ နှစ်စဉ်လျာထားသတ်မှတ်ခြင်း

၁၂။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လျာထားသတ်မှတ်ရာ၌ ဒေသခံပြည်သူများ၏ ပါဝင်ပူးပေါင်းဆောင်ရွက်မှုကို ရယူနိုင်သည့် အောက်ပါလုပ်ငန်းများကို ဦးစားပေးလျာထားရမည် -

(က) သောက်သုံးရေ ရရှိရေးလုပ်ငန်းများ၊

(ခ) ကျေးလက်လမ်းများ၊ တံတားများ ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများ၊

(ဂ) ပြည်သူလူထု၏ အမှန်တကယ်လိုအပ်နေသော အခြားလုပ်ငန်းများ။

၁၃။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့သည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်ရမည်ဖြစ်ပြီး ဆောင်ရွက်နိုင်ခြင်း မရှိပါက ပိုလျှံရန်ပုံငွေများကို ပြန်လည်အပ်နှံရမည်။

## အခန်း (၈)
## အထွေထွေ

၁၄။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေရန်၊ ကိုးကွယ်မှုဘာသာအချင်းချင်း ပဋိပက္ခဖြစ်စေရန်၊ နိုင်ငံရေးပါတီများ အချင်းချင်းစိတ်ဝမ်းကွဲပြားစေရန်၊ ဒေသတွင်းနားလည်ချစ်ကြည်မှုကို ထိပါးစေရန် ဆောင်ရွက်ခြင်းမျိုးကို ရှောင်ကြဉ်ရမည်။

၁၅။ မည်သူမဆို ဖွံ့ဖြိုးရေးရန်ပုံငွေကို မရိုးမဖြောင့်သောသဘောဖြင့် ဆောင်ရွက်ခြင်းပြုလုပ်ပါက ပြစ်မှုဆိုင်ရာဥပဒေအရ အလွဲသုံးစားပြုမှု ကျူးလွန်သည်ဟု မှတ်ယူရမည်။

၁၆။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ -

(က) အမျိုးသားစီမံကိန်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဒေသန္တရစီမံကိန်းလုပ်ငန်းများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ထိခိုက်စေသောလုပ်ငန်းများ။

၁၇။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီသည် -

(က) လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ဆောင်ရွက်ချက်မှတ်တမ်းနှင့် ရန်ပုံငွေသုံးစွဲမှုစာရင်းဇယားတို့ကို အများပြည်သူသိရှိစေရန် သက်ဆိုင်ရာလုပ်ငန်းနေရာ၌ အမှတ်အသားဆိုင်းဘုတ်ဖြင့် ပြသထားရမည်။

(ခ) ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုချင်းစီအလိုက် ကုန်ကျစရိတ်တွက်ချက်တင်ပြရာတွင် အမှန်သုံးစွဲရသောအထွေထွေကုန်ကျစရိတ်ကို သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းစီအလိုက် ကုန်ကျစရိတ်၏ သုံးရာခိုင်နှုန်းထက် မကျော်လွန်စေဘဲ ထည့်သွင်းတောင်းခံနိုင်သည်။

၁၈။ ပြည်ထောင်စုလွှတ်တော်ရုံးသည် -

(က) ဗဟိုကော်မတီနှင့် ယင်းက ဖွဲ့စည်းတာဝန်ပေးအပ်သောအဖွဲ့များ၏ ကုန်ကျစရိတ်များကို ကျခံရမည်။

(ခ) ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ဂ) ဤဥပဒေပါလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဝန်ထမ်းဖွဲ့စည်းပုံကို တိုးချဲ့ဖွဲ့စည်းနိုင်ရန် လိုအပ်သလိုဆောင်ရွက်ရမည်။

၁၉။ (က) တည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေအရသာ လိုက်နာဆောင်ရွက်ရမည်။

(ခ) ဤဥပဒေ မထုတ်ပြန်မီ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် လုပ်ငန်းဆောင်ရွက်ချက်များသည် ဤဥပဒေနှင့်အညီ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။

(ဂ) ပြည်ထောင်စုလွှတ်တော်ရုံးက ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာများသည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဗဟိုကော်မတီသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၇ ရက် )

**စားသုံးသူအကာအကွယ်ပေးရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော စားသုံးသူအကာအကွယ်ပေးရေးဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# စားသုံးသူအကာအကွယ်ပေးရေးဥပဒေ

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၀။ )**

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စားသုံးသူအကာအကွယ်ပေးရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **စားသုံးသူ**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ကုန်သွယ်ရောင်းဝယ်မှုအတွက်မဟုတ်ဘဲ စားသောက်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုသူကို ဆိုသည်။

(ခ) **စားသုံးသူအကာအကွယ်ပေးရေး**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူအား ဥပဒေဆိုင်ရာအကာအကွယ်ပေးရေး၊ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အာမခံချက်ပေးရေးကို ဆိုသည်။

(ဂ) **ကုန်စည်**ဆိုသည်မှာ လူအများ အသုံးပြုနိုင်ရန်နှင့် စားသုံးရန်တို့အတွက် ထိတွေ့နိုင်သော သို့မဟုတ် အပြည့်အဝမထိတွေ့နိုင်သော၊ ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့ပြောင်းနိုင်သော၊ စားသုံးနိုင်သော သို့မဟုတ် မစားသုံးနိုင်သော ကုန်သွယ်နိုင်သည့်အရာကို ဆိုသည်။

(ဃ) **ဝန်ဆောင်မှု**ဆိုသည်မှာ လူ့အဖွဲ့အစည်းတွင် လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအသွင်ဖြင့် စားသုံးသူ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် ဆောင်ရွက်မှုကို ဆိုသည်။

(င) **ကုန်သွယ်မှု**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို တန်ဖိုးသတ်မှတ်၍ အကျိုးအမြတ် ရရှိစေရန် ရည်ရွယ်ဆောင်ရွက်သော အရောင်းအဝယ်ပြုလုပ်ခြင်းကို ဆိုသည်။

(စ) **ကြော်ငြာ**ဆိုသည်မှာ တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အသင်းအဖွဲ့တစ်ခုကဖြစ်စေ၊ လုပ်ငန်းတစ်ရပ်က ဖြစ်စေ ထုတ်လုပ်သောကုန်စည်နှင့် ဆောင်ရွက်ပေးသောဝန်ဆောင်မှုကို အများပြည်သူ သိရှိရန် အသိပေးထုတ်ပြန်သော ဆောင်ရွက်မှုကို ဆိုသည်။ ယင်းစကားရပ်တွင် လူထုဆက်သွယ်ရေး နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။

(ဆ) **စီးပွားရေးလုပ်ငန်းရှင်**ဆိုသည်မှာ ကုန်စည်ကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြန်လည်ရောင်းချခြင်းကိုဖြစ်စေ၊ ဝန်ဆောင်မှုပေးခြင်းကိုဖြစ်စေ၊ ကြော်ငြာလုပ်ငန်းလုပ်ကိုင်ခြင်းကို ဖြစ်စေ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းနှင့်သော်လည်းကောင်း ဆောင်ရွက်သူကို ဆိုသည်။

(ဇ) **လိမ်လည်လှည့်ဖြားမှု**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူ ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မှားယွင်းသောဖော်ပြမှုကိုဖြစ်စေ၊ မမှန်ကန်သော ကြော်ငြာကိုဖြစ်စေ သဘောရိုးဖြင့် ဆောင်ရွက်ခြင်းမဟုတ်သည့် ပြုလုပ်မှုကိုလည်းကောင်း၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် သဘာဝအရည်အသွေးကိုဖြစ်စေ၊ ထုတ်လုပ်မှုဖြစ်စဉ်ကို ဖြစ်စေ၊ ဆောင်ရွက်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဝိသေသလက္ခဏာကိုဖြစ်စေ၊ သတ်မှတ်ထားသော စံချိန် စံညွှန်းကိုဖြစ်စေ၊ ရည်ရွယ်ချက်ကိုဖြစ်စေ၊ အရေအတွက်ကိုဖြစ်စေ အများပြည်သူက ယုံကြည်မှု လွဲမှားစွာလက်ခံရန် မရိုးမဖြောင့်သောသဘောဖြင့် ပြုလုပ်မှုကိုလည်းကောင်း ဆိုသည်။

(ဈ) **ပျက်စီးဆုံးရှုံးမှု**ဆိုသည်မှာ သေဆုံးမှု၊ လူပုဂ္ဂိုလ်နစ်နာဆုံးရှုံးမှုနှင့် ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့ပြောင်းနိုင်သောပစ္စည်းတစ်ရပ်ရပ် နစ်နာဆုံးရှုံးမှုကို ဆိုသည်။

(ည) **အရောင်းမြှင့်တင်ခြင်း**ဆိုသည်မှာ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို စားသုံးသူက ပိုမိုကျယ်ပြန့်စွာ ဝယ်ယူရန် သို့မဟုတ် အသုံးပြုရန် ရည်ရွယ်ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဋ) **စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့**ဆိုသည်မှာ စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူတို့အကြား ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ဖြစ်ပွားသော အငြင်းပွားမှုကို ညှိနှိုင်းဖြေရှင်း ပေးရန် ဤဥပဒေအရ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(ဌ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဍ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို ဆိုသည်။

(ဎ) **ဦးစီးဌာန**ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စားသုံးသူတို့သည် မိမိတို့၏အခွင့်အရေးများကို သိရှိနားလည်၍ တောင်းဆိုရယူနိုင်ရန်နှင့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို သုံးစွဲရာတွင် လိမ်လည်လှည့်ဖြားမှုတို့ မခံရစေရန်၊

(ခ) စားသုံးသူတို့၏ အခွင့်အရေးများကို ထိရောက်စွာကာကွယ်နိုင်သော စနစ်တစ်ရပ် ပေါ်ပေါက် လာစေရန်၊

(ဂ) စားသုံးသူအား ဥပဒေအရ အကာအကွယ်ပေးခြင်း၊ မှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းတို့ ပါဝင်သော စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအစီအမံ ပေါ်ပေါက်လာစေရန်၊

(ဃ) စီးပွားရေးလုပ်ငန်းရှင်တို့က စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းအပေါ် အလေးထား လိုက်နာခြင်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တာဝန်ယူမှုရှိသောအပြုအမူများ ဖြစ်ပေါ်စေရန်၊

(င) စားသုံးသူတို့၏ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားသောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဖော်ဆောင်ဖြည့်ဆည်းပေးရန်။

## အခန်း (၃)
## ဗဟိုကော်မတီ ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများမှ အကြီးအကဲများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌက တာဝန်ပေးအပ်ခြင်းခံရသူများက အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် စားသုံးသူအကာအကွယ်ပေးရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်များ

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များ အောင်မြင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာမူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြံဉာဏ်များ၊ ထောက်ခံချက်များနှင့် ပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်း၊

(ဂ) ကုန်စည်၊ ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးအတွက် ကွင်းဆင်းလေ့လာဆောင်ရွက်ခြင်း၊

(ဃ) အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်ခြင်း၊

(င) စားသုံးသူ အကျိုးစီးပွားအတွက် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့် သတင်းဖြန့်ဝေပေးခြင်းနှင့် စားသုံးသူတို့၏ သဘောထားကို ရယူခြင်း၊

(စ) စားသုံးသူထံမှဖြစ်စေ၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများထံမှဖြစ်စေ စားသုံးသူအကာအကွယ်ပေးရေးနှင့်စပ်လျဉ်းသည့် တိုင်ကြားမှုများကို လက်ခံဖြေရှင်းပေးခြင်း၊

(ဆ) စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းနှင့်စပ်လျဉ်းပြီး စစ်တမ်းများ ကောက်ယူ၍ သုတေသနပြုခြင်းနှင့် ယင်းသုတေသနပြုမှုများကို ပြန်လည်သုံးသပ်၍ စားသုံးသူများ၏အကျိုးအတွက် လိုအပ်သလိုဆောင်ရွက်ပေးခြင်း၊

(ဇ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ဈ) ဘေးဥပဒ်အန္တရာယ်ရှိသော စားသုံးရန်မသင့်သည့် ကုန်စည်နှင့်စပ်လျဉ်း၍ တားမြစ်နိုင်ရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ အကြောင်းကြားခြင်း၊

(ည) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု စံချိန်စံညွှန်းကျွမ်းကျင်မှုအဖွဲ့များနှင့် ဓာတ်ခွဲခန်းများကို လိုအပ်ပါက သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းပေးနိုင်ရန် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) စားသုံးသူအကျိုးစီးပွားကို ကာကွယ်ပေးရန်နှင့် ယင်းတို့၏အရေးကိစ္စများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် စီးပွားရေးလုပ်ငန်းရှင်များကို ပညာပေးခြင်း၊

(ဌ) စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က ချမှတ်သော စီမံခန့်ခွဲရေးပြစ်ဒဏ်အပေါ် အယူခံမှုကို အဆုံးအဖြတ်ပေးခြင်း၊

(ဍ) တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းပြီးဖြစ်သည့် အစိုးရမဟုတ်သော စားသုံးသူအကာအကွယ်ပေးရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း (၅)
## စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များ

၆။ (က) စားသုံးသူ၏အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ခြင်း၊

(၂) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရွေးချယ်နိုင်ခြင်းနှင့် ဝန်ခံကတိပြုထားသောတန်ဖိုး၊ စည်းကမ်းချက်များ၊ အာမခံမှုတို့နှင့်အညီ ရယူနိုင်ခြင်း၊

(၃) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အခြေအနေ၊ အာမခံချက်တို့နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပြည့်စုံမှန်ကန်စွာရယူခွင့်ရှိခြင်း၊

(၄) စားသုံးသူအသုံးပြုသောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုအပေါ် ကြားနာဖြေရှင်းပေးရန် အရေးဆိုတိုင်တန်းနိုင်ခြင်း၊ စားသုံးသူအကာအကွယ်ပေးမှုများရရှိနိုင်ခြင်းနှင့် မှန်ကန်သောဖြေရှင်းမှု ရရှိနိုင်ခြင်း၊

(၅) ခွဲခြားဆက်ဆံမှုမရှိသည့် မျှတသောဆက်ဆံမှုနှင့် ဝန်ဆောင်မှုရရှိခြင်း။

(ခ) စားသုံးသူ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်ဖော်ပြထားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဆိုင်ရာသတင်းအချက်အလက်နှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်း၊

(၂) စားသုံးသူအငြင်းပွားမှုများတွင် သင့်လျော်စွာဖြေရှင်းပေးသည့် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ဆုံးဖြတ်ချက်များကို လိုက်နာခြင်း၊

(၃) စီးပွားရေးလုပ်ငန်းရှင်များအပေါ် ထိခိုက်နစ်နာစေရန် ရည်ရွယ်၍ မဟုတ်မမှန်စွပ်စွဲပြောဆိုမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ခြင်း၊

(၄) စားသုံးသူအငြင်းပွားမှုကို သက်ဆိုင်ရာမှဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေးနည်းလမ်းများဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်အပေါ် ထိခိုက်နစ်နာစေရန် ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း။

## အခန်း (၆)

## စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့်တာဝန်များ

၇။ (က) စီးပွားရေးလုပ်ငန်းရှင်၏အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု အရောင်းအဝယ်ပြုလုပ်ရာတွင် သဘောတူညီချက်များ၊ တန်ဖိုးများနှင့်အညီ ငွေပေးချေမှု လက်ခံရယူခြင်း၊

(၂) စားသုံးသူအငြင်းပွားမှုတွင် ဥပဒေအရ ကာကွယ်ခုခံချေပခွင့်ရရှိခြင်း၊

(၃) စားသုံးသူ၏ ဆုံးရှုံးနစ်နာမှုသည် မိမိ၏ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကြောင့်မဟုတ်ပါက နာမည်ကောင်းပြန်လည်ရရှိရေး ဆောင်ရွက်နိုင်ခြင်း၊

(၄) စားသုံးသူ၏ ဆုံးရှုံးနစ်နာမှုသည် ၎င်းဝယ်ယူသောကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကြောင့် မဟုတ်ကြောင်း ဥပဒေနှင့်အညီ သက်သေပြနိုင်ပါက နာမည်ကောင်းကို ပြန်လည်ရရှိနိုင်ခြင်း။

(ခ) စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားရေးလုပ်ငန်းကို စီးပွားရေးကျင့်ဝတ်စည်းကမ်းနှင့်အညီ လုပ်ကိုင်ခြင်း၊

(၂) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအပေါ် ရှင်းလင်းမှန်ကန်သော သတင်းအချက်အလက်များ ပေးခြင်း၊

(၃) စားသုံးသူများကို ခွဲခြားမှုမရှိဘဲ ဖြောင့်မတ်မှန်ကန်စွာဆက်ဆံခြင်း၊

(၄) ရောင်းဝယ်သော သို့မဟုတ် ထုတ်လုပ်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေးများအပေါ် အခြေခံ၍ အာမခံချက်ပေးခြင်း၊

(၅) အရည်အသွေးစမ်းသပ်ရန် လိုအပ်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူခြင်း မပြုမီ စားသုံးသူများအား စမ်းသပ်နိုင်သည့် အခွင့်အရေးပေးခြင်း၊

(၆) အာမခံပေးထားသည့်ကာလအတွင်း ကုန်စည်ကို စားသုံးခြင်း သို့မဟုတ် ဝန်ဆောင်မှုကို သုံးစွဲခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ အာမခံချက်ပေးအပ်ထားသည့်အတိုင်း တာဝန်ယူဆောင်ရွက်ပေးခြင်း၊

(၇) စားသုံးသူက လက်ခံရရှိထားသော သို့မဟုတ် အသုံးပြုထားသောကုန်စည်သည် သဘော တူညီချက်နှင့် ကိုက်ညီမှုမရှိပါက သဘောတူညီထားသည့် စည်းကမ်းအတိုင်း တာဝန်ယူ ဆောင်ရွက်ပေးခြင်း၊

(၈) ဝန်ဆောင်မှုလုပ်ငန်းလုပ်ဆောင်ရာတွင် သဘောတူညီထားသော သဘောတူညီချက် သို့မဟုတ် စာချုပ်ပါ ဝန်ခံကတိအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ခြင်း၊

(၉) စားသုံးသူအငြင်းပွားမှုကို သက်ဆိုင်ရာမှ ဖြေရှင်းနေစဉ် လူထုဆက်သွယ်ရေးနည်းလမ်း များဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ သက်ဆိုင်ရာစားသုံးသူအပေါ် ထိခိုက်နစ်နာ စေရန် ပြောဆိုခြင်း၊ ရေးသားခြင်းနှင့် ပြုမူခြင်းတို့ကို ရှောင်ကြဉ်ခြင်း။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| | | |
|---|---|---|
| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်<br>( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၁ ရက် ) | သောကြာနေ့ |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၄

၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၃ ရက် )

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံး ဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတရုံး၊ အကြံပေးပုဂ္ဂိုလ်များဌာနတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) နေရာတွင် ကာကွယ်ရေးဝန်ကြီးဌာနက ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုထားသော မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ ဒုတိယအထွေထွေမန်နေဂျာ (စက်ရုံမှူး) ဗိုလ်မှူးတင့်ဆွေ (ငြိမ်း) အား ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

### ပြည်ထောင်စုလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၄)

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )

၁။ ပြည်ထောင်စုလွှတ်တော်ရုံးမှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူးများအား ယှဉ်တွဲဖော်ပြပါ ဌာနများတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးနေရာများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန |
|---|---|---|
| (က) | ဒေါ်မြတ်မြတ်ဦး | စီမံဌာန (၂)၊ ဌာနခွဲ (၁၂) |
| (ခ) | ဦးတင်ဝ | အစည်းအဝေးဌာန၊ ဌာနခွဲ (၅) နှင့် (၆) |

| စဉ် | အမည် | ဌာန |
|---|---|---|
| (ဂ) | ဦးသန်းဖြိုးနိုင် | ဥပဒေကြမ်းပူးပေါင်းကော်မတီဌာန၊ ဌာနခွဲ (၇) |
| (ဃ) | ဒေါ်တင်တင်မြင့် | ငွေစာရင်းပူးပေါင်းကော်မတီဌာန၊ ဌာနခွဲ (၈) |
| (င) | ဦးမောင်မျှး | စီမံဌာန (၁)၊ ဌာနခွဲ (၉) နှင့် (၁၀) |
| (စ) | ဦးအောင်မြတ်ကျော် | သုတေသနနှင့်စာကြည့်တိုက်ဌာန၊ ဌာနခွဲ (၃)၊ ဌာနစု (၆) နှင့် ဌာနခွဲ (၄)၊ ဌာနစု (၈) |

၂။ အထက်ဖော်ပြပါ အရာထမ်းများသည် ယှဉ်တွဲဖော်ပြပါ ဌာန၊ ဌာနခွဲ၊ ဌာနစုများ၏ လုပ်ငန်းတာဝန်များကိုပါ ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၄)

၁။ ပြည်ထောင်စုလွှတ်တော်ရုံးမှ အောက်ဖော်ပြပါ ဦးစီးအရာရှိများအား ယှဉ်တွဲဖော်ပြပါဌာနများတွင် လစ်လပ်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန |
|---|---|---|
| (က) | ဦးစိုးမင်းဦး | နိုင်ငံတကာဆက်ဆံရေးဌာန၊ ဌာနခွဲ (၁)၊ ဌာနစု (၁) နှင့် (၂) |
| (ခ) | ဦးမျိုးသွင် | မှတ်တမ်းဌာန၊ ဌာနခွဲ (၆)၊ ဌာနစု (၁၂) |
| (ဂ) | ဒေါ်သူဇာထွေး | ငွေစာရင်းပူးပေါင်းကော်မတီဌာန၊ ဌာနခွဲ (၈)၊ ဌာနစု (၁၅) |
| (ဃ) | ဒေါ်ဝင်းဝင်းမာ | အစည်းအဝေးဌာန၊ ဌာနခွဲ (၅)၊ ဌာနစု (၁၀) |
| (င) | ဒေါ်အုန်းကြွယ် | အစည်းအဝေးဌာန၊ ဌာနခွဲ (၅)၊ ဌာနစု (၉) |
| (စ) | ဦးကျော်ကျော်အောင် | သုတေသနနှင့်စာကြည့်တိုက်ဌာန၊ ဌာနခွဲ (၃)၊ ဌာနစု (၅) နှင့် (၆) |
| (ဆ) | ဒေါ်ဌေးဝင်းမြင့် | စီမံဌာန (၂)၊ ဌာနခွဲ (၁၂)၊ ဌာနစု (၂၄) |
| (ဇ) | ဒေါ်သန်းသန်းနိုင် | ဥပဒေကြမ်းပူးပေါင်းကော်မတီဌာန၊ ဌာနခွဲ (၇)၊ ဌာနစု (၁၄) နှင့် ငွေစာရင်းပူးပေါင်းကော်မတီဌာန၊ ဌာနခွဲ (၈)၊ ဌာနစု (၁၆) |
| (ဈ) | ဒေါ်သိမ့် (ခ) သီတာခိုင် | စီမံဌာန (၁)၊ ဌာနခွဲ (၁၀)၊ ဌာနစု (၁၉) နှင့် (၂၀) |
| (ည) | ဒေါ်ခင်မာဦး | စီမံဌာန (၂)၊ ဌာနခွဲ (၁၂)၊ ဌာနစု (၂၃)၊ |
| (ဋ) | ဒေါ်မိုးမိုးမြင့် | သုတေသနနှင့်စာကြည့်တိုက်ဌာန၊ ဌာနခွဲ (၄)၊ ဌာနစု (၇) နှင့် (၈) |

(ဌ) ဒေါ်နန္ဒာခိုင်မြင့် စီမံဌာန (၂)၊
ဌာနခွဲ (၁၁)၊ ဌာနစု (၂၂)

(ဍ) ဒေါ်သီဂီဝင်း ဥပဒေကြမ်းပူးပေါင်းကော်မတီဌာန၊
ဌာနခွဲ (၇)၊ ဌာနစု (၁၃)

၂။ အထက်ဖော်ပြပါ အရာထမ်းများသည် ယှဉ်တွဲဖော်ပြပါ ဌာနခွဲ၊ ဌာနစုများ၏ လုပ်ငန်းတာဝန်များကိုပါ ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၄)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် )

**ဌာနလွှဲပြောင်းတာဝန်ထမ်းဆောင်ရေးကိစ္စ**

ရည်ညွှန်းချက်။ (၁) ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်စွဲပါ စာအမှတ်၊ ၀၁/ပသ (စမ-၁) ဝထ ၁/၂၀၁၄-၀၁

(၂) ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်စွဲပါ စာအမှတ်၊ ၀၁/ပသ (စမ-၁) ဝထ ၁/၂၀၁၄-၀၂

(၃) ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၀၁/ပသ (စမ-၁) ဝထ ၁/၂၀၁၄-၀၅

(၄) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၃၄/၁၃၇-လွှဲပြောင်း/အဖရ (၂၀၁၄)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ပူးတွဲပါ တပ်မတော်အရာရှိကြီး/အရာရှိ (၁၁) ဦးတို့အား ပြည်သူ့လွှတ်တော်ရုံးသို့ ရည်ညွှန်း (၁)၊ (၂)၊ နှင့် (၃) ပါ စာများဖြင့် ပြောင်းရွှေ့ခန့်ထားခြင်းကို အမိန့်ကြော်ငြာစာများထုတ်ပြန်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ရည်ညွှန်း (၄) ပါစာအရ ပြည်သူ့လွှတ်တော်ရုံးသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၄)၊ (၁၁/၂၀၁၄) နှင့် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၄) များအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## ဌာနလွှဲပြောင်းတာဝန်ထမ်းဆောင်ရေးကိစ္စ

| စဉ် | အကြောင်းအရာ | အမည်/ရာထူး | ဌာန |
|---|---|---|---|
| ၁။ | ပြည်သူ့လွှတ်တော်ရုံးသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် | ကြည်း ၂၇၄၇၇<br>ဒုတိယဗိုလ်မှူးကြီး<br>ဇော်ဟိန်း | ကာကွယ်ရေးဝန်ကြီးဌာန<br>အမှတ် (၁) တပ်မတော်တန်းမြင့်<br>လေ့ကျင့်ရေးကျောင်း |
| ၂။ | ပြည်သူ့လွှတ်တော်ရုံးသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် | ကြည်း ၃၁၅၉၄<br>ဗိုလ်မှူးကျော်စိုးမင်း | ကာကွယ်ရေးဝန်ကြီးဌာန<br>အမှတ် (၆) စစ်ဆင်ရေးကွပ်ကဲမှု<br>ဌာနချုပ် |
| ၃။ | ပြည်သူ့လွှတ်တော်ရုံးသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် | ကြည်း ၃၁၇၄၇<br>ဗိုလ်မှူးဝင်းဇော်လတ် | ကာကွယ်ရေးဝန်ကြီးဌာန<br>အမှတ် (၆၀၇) ဒုံးတပ်ရင်း |
| ၄။ | ပြည်သူ့လွှတ်တော်ရုံးသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် | ကြည်း ၃၂၁၆၁<br>ဗိုလ်မှူးလွင်ကိုဦး | ကာကွယ်ရေးဝန်ကြီးဌာန<br>အမှတ် (၇၄) သံချပ်ကာစစ်ဆင်ရေး<br>ကွပ်ကဲမှုဌာနချုပ် |
| ၅။ | ပြည်သူ့လွှတ်တော်ရုံးသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် | ကြည်း ၃၂၂၉၈<br>ဗိုလ်မှူးအောင်ကိုဝင်း | ကာကွယ်ရေးဝန်ကြီးဌာန<br>အမှတ် (၈၅) ခြေလျင်တပ်ရင်း |
| ၆။ | ပြည်သူ့လွှတ်တော်ရုံးသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် | ရေ ၃၆၄၉<br>ဗိုလ်မှူးသန်းဇော်ဦး | ကာကွယ်ရေးဝန်ကြီးဌာန<br>ရေတပ်ပင်မလက်နက်ခဲယမ်း<br>မီးကျောက်တပ် |
| ၇။ | ပြည်သူ့လွှတ်တော်ရုံးသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် | ကြည်း ၂၇၄၀၅<br>ဗိုလ်ကြီးကျော်မင်းထွဋ် | ကာကွယ်ရေးဝန်ကြီးဌာန<br>တပ်မတော်ဗိုလ်ရွေးအဖွဲ့ |
| ၈။ | ပြည်သူ့လွှတ်တော်ရုံးသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် | ကြည်း ၂၈၇၁၃<br>ဗိုလ်ကြီးညွန့်လင်း | ကာကွယ်ရေးဝန်ကြီးဌာန<br>တပ်မတော်ဗိုလ်ရွေးအဖွဲ့ |
| ၉။ | ပြည်သူ့လွှတ်တော်ရုံးသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် | ကြည်း ၂၉၅၈၉<br>ဗိုလ်ကြီး မျိုးမင်းသူ | ကာကွယ်ရေးဝန်ကြီးဌာန<br>အမှတ် (၁)<br>အခြေချဆေးသိုလှောင်ရေးတပ် |
| ၁၀။ | ပြည်သူ့လွှတ်တော်ရုံးသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် | ကြည်း ၂၉၉၀၈<br>ဗိုလ်ကြီးစိုင်းဆမ် | ကာကွယ်ရေးဝန်ကြီးဌာန<br>တပ်မတော်ကွန်ပျူတာနှင့်<br>နည်းပညာသိပ္ပံ |
| ၁၁။ | ပြည်သူ့လွှတ်တော်ရုံးသို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် | ကြည်း ၃၆၆၀၈<br>ဗိုလ်ကြီးလှမျိုး | ကာကွယ်ရေးဝန်ကြီးဌာန<br>အမှတ် (၁၄၈) ခြေလျင်တပ်ရင်း |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်<br>( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၁ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**စီ၊အီး၊အမ် ဆားဗစ်စစ်ကုမ္ပဏီလီမိတက်**

**C.E.M Services Company Limited**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **စီ၊အီး၊အမ် ဆားဗစ်စစ်ကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၄-၄-၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၂-၅-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်ချယ်ရီမေ | ဒေါ်ညွန့်မေ |
| မန်နေးဂျင်းဒါရိုက်တာ | (B.Com, C.P.A) |
| စီ၊အီး၊အမ် ဆားဗစ်စစ်ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း - ၀၁-၅၀၇၁၁၇ |

## မေစတား(စ်)ထရေးဒင်း ကုမ္ပဏီလီမိတက်

## May Star Trading Company Limited

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **မေစတား(စ်) ထရေးဒင်းကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၇-၄-၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၂-၅-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ချယ်ရီမေ
မန်နေးဂျင်းဒါရိုက်တာ
မေစတား(စ်) ထရေးဒင်းကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၁-၅၀၇၁၁၇

## MYANMAR HAIR COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င အရ ဖျက်သိမ်းဆဲ **MYANMAR HAIR COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁၂-၅-၂၀၁၄ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၉း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## စည်းစိမ်ဥစ္စာကြယ် အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်

## Fortune Star International Company Limited

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြေညာခြင်း

၁။ **စည်းစိမ်ဥစ္စာကြယ် အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်**ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၈-၄-၂၀၁၄) ရက်နေ့က ကုမ္ပဏီတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ညွန့်မေ (B.Com, C.P.A)၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန် ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၁၂-၅-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်ချယ်ရီမေ
မန်နေးဂျင်းဒါရိုက်တာ
စည်းစိမ်ဥစ္စာကြယ် အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ဒေါ်ညွန့်မေ
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖုန်း - ၀၁-၅၀၇၁၁၇

## CHERRY BLOSSOM TRADING CO., LTD

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င အရ ဖျက်သိမ်းဆဲ **CHERRY BLOSSOM TRADING CO., LTD** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁၂-၅-၂၀၁၄ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၁း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## CENTRAL PALACE GROUP COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င အရ ဖျက်သိမ်းဆဲ **CENTRAL PALACE GROUP COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန်ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁၂-၅-၂၀၁၄ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၃း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## MIN OHN PE INT'L TRADING COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င အရ ဖျက်သိမ်းဆဲ **MIN OHN PE INT'L TRADING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၁၂-၅-၂၀၁၄ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၄း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ၈၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၁၁-၄-၂၀၁၄။